
mgyoe.com SAMPLE BOOK

# ကမ္ဘာကျော်နိုင်ငံရေး အရှုပ်တော်ပုံများ

တင်ညွန့်



mgyoe.com

mgyoe.com SAMPLE BOOK



- ဖစ်ပါဂိုတ် သို့မဟုတ် ဒီမိုကရေစီသမ္မတတစ်ဦး၏ ထူးကဲသောအာရုံခံစားမှုများ
- ဆိုနီယာဂန္ဒီ သို့မဟုတ် ကျိန်စာသင့်နိုင်ငံခြားသူ
- သမ္မတနှင့် သမ္မတကတော်များ အရှုပ်တော်ပုံ
- ရှဟာတို သို့မဟုတ် ပဋိပက္ခများကြားမှ စနစ်သစ်ကိုမွေးဖွားခဲ့သူ
- ဖိနပ်များ၏ကေရီ စသဖြင့်

အမေရိကန်ပြည်ထောင်စု၊ တောင်အမေရိက၊ အာဖရိကနှင့် အာရှ နိုင်ငံများမှ နိုင်ငံရေးခေါင်းဆောင်များ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အရှုပ်တော်ပုံများ . . . ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- ပြည်သူတို့ ကိုယ် စိတ် နှလုံး သုံးပါးစလုံး ငြိမ်းအေးသာယာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် ပြည်သူတို့က ပြည်သူ့ကိုယ်စား တာဝန်ပေးအပ်ခဲ့ကြသော အုပ်ချုပ်သူ လူတန်းစား ဆိုသည်မှာ ပြည်သူတို့ လေးမြတ်ကြည်ဖြူ မြတ်နိုးထိုက်သူများ ဖြစ်ရန်လိုပါသည်။

- တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြည်သူတို့ကို အုပ်ချုပ်ရသူများသည် ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဉစ္စာတို့ အပေါ်တွင် သာယာလာသည့်အခါ ဖောက်ပြန်လာကြပုံကို သိမြင်စေခြင်းငှာ ဤစာအုပ်ကို အားထုတ်ကြည့်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

- ★ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ★ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ★ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၉

# ကမ္ဘာကျော်နိုင်ငံရေး အရှုပ်တော်ပုံများ

တင်ညွန့်

WISDOM HOUSE
အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
- ၀၉-၅၀၅-၈၅၃၃
wisdomhouse.mm@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၁၀၃၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၁၁၁၁၂၀၉ |
| ပထမအကြိမ် | ဖေဖော်ဝါရီလ ၊ ၂၀၁၀ ခုနှစ်။ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဦးကျော်အေး ၊တရားသစ္စာစာပေ၊ ၁၉၅ မြသီတာလမ်း၊ အကွက်-၂၉၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | *H. Lwin* |
| အတွင်းဖလင် | အောင်ဇော် (ပုံရိပ်ရှင်) |
| မျက်နှာဖုံးဖလင် | စိန်နဂါး |
| တန်ဖိုး | ၂၅၀၀ ကျပ် |

၃၂၀

တင်ညွန့်

ကမ္ဘာကျော်နိုင်ငံရေးအရှုပ်တော်ပုံများ/ တင်ညွန့်

- ရန်ကုန်၊ တရားသစ္စာစာပေ၊ ၂၀၀၉။

၂၄၈ စာ၊ ၁၃ × ၂၀.၅ စင်တီ။

(၁) ကမ္ဘာကျော်နိုင်ငံရေးအရှုပ်တော်ပုံများ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဇစ်ပါဂိုဟ် သို့မဟုတ် ဒီမိုကရေစီသမ္မတတစ်ဦး၏ ထူးကဲသောအာရုံခံစားမှုများ | ၁ |
| ၂။ | သမ္မတနှင့် သမ္မတကတော်များ အရှုပ်တော်ပုံ | ၂၅ |
| ၃။ | ခရုစ္စတင်း ကီးလား အရှုပ်တော်ပုံ | ၄၅ |
| ၄။ | ဇူလ်ဖီကာအလီဘူတိုနှင့် ဟန်ပြဒီမိုကရေစီ | ၆၅ |
| ၅။ | စစ်စာချုပ်အရှုပ်တော်ပုံ | ၇၇ |
| ၆။ | လှိုက်ကျော့နှင့် အဖေရှာပုံတော် | ၈၅ |
| ၇။ | ဆိုနီယာဂန္ဒီ သို့မဟုတ် ကျိန်စာသင့်နိုင်ငံခြားသူ | ၉၇ |
| ၈။ | အမှတ်သည်းခြေမရှိသော ပြည်သူများ၏ခေါင်းဆောင် | ၁၁၃ |
| ၉။ | ရှင်ဘုရင်နဲ့ညားတော့ မိဖုရား | ၁၂၉ |
| ၁၀။ | တောင်အမေရိကတိုက်၏ကေရီ | ၁၄၁ |
| ၁၁။ | ချားလ်စ် ပါနဲလ် နှင့် ကစ်တီ အိုရှီး | ၁၅၅ |
| ၁၂။ | ဆူဟာတို သို့မဟုတ် ပဋိပက္ခများကြားမှ စနစ်သစ်ကို မွေးဖွားခဲ့သူ | ၁၆၅ |
| ၁၃။ | ပျောက်သွားသော အမတ်တစ်ဦး | ၁၈၃ |
| ၁၄။ | လူနှစ်ယောက်နှင့် ခွေးတစ်ကောင် အရှုပ်တော်ပုံ | ၁၉၃ |
| ၁၅။ | စိန်သာလျှင် ထာဝရ | ၂၀၉ |
| ၁၆။ | ဖိနပ်များ၏ကေရီ | ၂၁၇ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

''ရာဇာ နာမ မုသာဝါဒံ ကရောန္တော ဓမ္မံ ဟနတိ၊
သောဓမ္မံ ဟန္တွာ သယမေဝ ဟညတိ''

''အကြီးအကဲလုပ်သူဟာ လိမ်တယ် ဆိုရင် အမှန်တရားကို သတ်ပစ်တာပဲ၊ အမှန်တရားကို သတ်ပစ်တာဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာနဲ့ အတူတူပဲ''

အထက်ပါ စကားလေးကို ကျွန်တော့်အား ဗုဒ္ဓအဆုံးအမများနှင့် ပတ်သက်၍ အမြဲရှာဖွေပေးလေ့ရှိသည့် ဆရာတော် အရှင်သာသနသိရိက တစ်နေ့တွင် အမှတ်မထင် ပြောလိုက်ပါသည်။ ဆရာတော်က သူ တရားပွဲတစ်ပွဲတွင် ဟောကြားခဲ့သည်ကို ကျွန်တော့်အား ပြန်ပြီးပြောလိုက်သော စကားလေးမှာ ယနေ့တိုင် နားထဲမှ မထွက်နိုင်လောက်အောင် ဖြစ်နေပါသည်။ ထိုစကားသည် ဒေဝဒတ်လောင်းအား ဘုရားလောင်း ကပိလရသေ့က ပြောကြားသည့်စကား ဖြစ်ပါသည်။ ဇာတကဋ္ဌကထာ (တတိယတွဲ) စေတိယ ဇာတကတွင် ဟောကြားထားသည့် တရားတော်ထဲမှ ကောက်နုတ်ပြထားခြင်း ဖြစ်ပါသည်။

''အစိုးရ ဆိုသည်မှာ တိုင်းပြည် သို့မဟုတ် လူ့ဘောင်အဖွဲ့အစည်း တစ်ခုခုကို စီမံခန့်ခွဲ အုပ်ချုပ်နိုင်ရန်အတွက် ပြည်သူများက သတ်မှတ်ထားသည့် စနစ်တစ်ခု ဖြစ်သည်''ဟု ဆိုကြသည်။

ပြည်သူတို့ ကိုယ် စိတ် နှလုံး သုံးပါးစလုံး ငြိမ်းအေးသာယာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် ပြည်သူတို့က ပြည်သူ့ကိုယ်စား တာဝန်ပေးအပ်ခဲ့ကြသော အုပ်ချုပ်သူ လူတန်းစား ဆိုသည်မှာ ပြည်သူတို့ လေးမြတ်ကြည်ဖြူ မြတ်နိုးထိုက်သူများ ဖြစ်ရန် လိုပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK

ယုံမှတ်၍ ပုံအပ်ခြင်းခံရသူတို့သည် 'လူသား'များ ဖြစ်ကြပါသည်။ လူသား ဆိုသည်မှာ မှားတတ်သည် မှန်သော်လည်း ပြည်သူတို့က စူပါလူသားများအဖြစ် တိုင်းပြည်ကို ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်စေခြင်းငှာ မိမိတို့ထက် ပို၍တော်မည်၊ တတ်မည် ထင်သူများကို မိမိတို့အား အုပ်ချုပ်မှု ပြုစေခြင်းသည် ကမ္ဘာဦးအစဉ်အလာကဲ့သို့ ဖြစ်နေသည်။ သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြည်သူတို့ကို အုပ်ချုပ်ရသူများသည် ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဥစ္စာတို့အပေါ်တွင် သာယာလာသည့်အခါ ဖောက်ပြန်လာကြပုံကို သိမြင်စေခြင်းငှာ ဤစာအုပ်ကို အားထုတ်ကြည့်ခြင်း ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ၁၉၄၈ ခုနှစ်က အိုးဝေသတင်းစာ၌ *'တယ်ရှုပ်တဲ့ဝန်ကြီး'* ဟူသော ခေါင်းကြီးဖြင့် သတင်းတစ်ပုဒ်သည် ပြောစမှတ် ဖြစ်ရလောက်အောင် 'တွင်'သွားခဲ့သည်။ ဖဆပလဝန်ကြီး တစ်ယောက်သည် နယ်လှည့်စဉ် မြို့တစ်မြို့မှ ဗိုလ်တဲတစ်ခုတွင် လင်ရှိအမျိုးသမီးတစ်ဦးကို ခေါ်ပြီး *'မီးခွက်မှုတ်'* ခဲ့သည့် ဇာတ်လမ်းသတင်း ဖြစ်သည်။ ထိုသတင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသည့် အရှုပ်တော်ပုံတစ်ခု ဖြစ်ခဲ့သည်။ ဤသတင်းကို အိုးဝေသတင်းစာက ပထမဦးဆုံး ဖော်ပြခဲ့ပြီးနောက် ဟစ်တိုင်နှင့် စီးပွားရေးသတင်းစာတို့ကလည်း ထပ်မံဖော်ပြခဲ့ကြသည်။ ဖဆပလ အဖွဲ့ထဲမှ ဆိုရှယ်လစ်များ ဖြစ်ကြသည့် သခင်ပန်းမြိုင်၊ သခင်ကျော်ဒွန်း၊ သခင်ချစ်မောင် (ဝိဇ္ဇာ)တို့က သူတို့ဖဆပလဝန်ကြီးကို ဤသို့ ရေးသား အပုပ်ချခြင်းအား မခံမရပ်နိုင် ဖြစ်ကာ ၁၉၄၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဗန္ဓုလပန်းခြံအတွင်း လူထုအစည်းအဝေးကြီးတစ်ခု ကျင်းပပြီး အိုးဝေ၊ ဟစ်တိုင်နှင့် စီးပွားရေးသတင်းစာတိုက်များဆီသို့ ချီတက်လာကာ သတင်းစာတိုက်များ အတွင်းရှိ စက်များနှင့် ပရိဘောဂများကို ရိုက်ချိုးဖျက်ဆီးခြင်း ပြုကြလေသည်။ ပါလီမန်ဒီမိုကရေစီခေတ် နိုင်ငံရေး ပြယုဂ်တစ်ခုပင် ဖြစ်သည်။

မကြာမီ မြန်မာနိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်မည့်သူများကို ရွေးကောက်တင်မြှောက်ကြရတော့မည် ဖြစ်သည်။ ပြည်သူကိုယ်စားလှယ်များ အနေဖြင့် မမှားသင့် မမှားထိုက်သည်များကို မမှားဘဲဆင်ခြင်ထိန်းသိမ်းနိုင်ရန်လည်း ဤစာအုပ်ကို ရည်ရွယ်ရေးသားရခြင်း ဖြစ်ပါသည်။

နိုင်ငံတော်တွင်-

၁။ ဥပဒေပြုမဏ္ဍိုင်၊

၂။ အုပ်ချုပ်ရေးမဏ္ဍိုင်၊

mgyoe.com

mgyoe.com

၃။ တရားစီရင်ရေးမဏ္ဍိုင် ဟူ၍ သုံးမျိုး ရှိသည့်အနက် မထင်မရှား အရေးပါသည့် စတုတ္ထမဏ္ဍိုင် ဖြစ်သော 'သတင်းမီဒီယာ' ဆိုသည့် အခန်းကဏ္ဍကို ကျွန်တော်တို့ လျှော့တွက်၍ မဖြစ်နိုင်ပါ။ ပါတီတွေ ထောင်ကြမည်၊ နိုင်ငံရေးတွေ လုပ်ကြတော့မည် ဆိုလျှင် ပြည်သူတို့ကို သတင်းမီဒီယာသမားများ အနေဖြင့် -

၁။ ဖြစ်ရပ်မှန်ကို တင်ပြရန်၊

၂။ အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးရန်၊

၃။ သတင်းအချက်အလက်သစ်များကို လူထုထံ အသိပေးတင်ပြရန်၊

၄။ လူထုအား ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ ရှင်းလင်းတင်ပြပေးရန်၊

၅။ လူထု၏အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ပေးရန် တာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ပါသည်။ ကျွန်တော် တင်ပြခဲ့သည့် အရုပ်တော်ပုံများထဲတွင် သတင်းမီဒီယာသမားများ၏ စွမ်းဆောင် ကြိုးပမ်းချက်များသည် ဂုဏ်ယူလေးစားစရာတစ်ခု အနေဖြင့် မှတ်တမ်းတင်စရာတွေ ဖြစ်ခဲ့သည်။

ကျွန်တော်သည် ကြီးပွားရေးနှင့် မျက်မှောက်ရေးရာ မဂ္ဂဇင်းတို့တွင် အယ်ဒီတာဘဝဖြင့် နိုင်ငံရေးစာပေများကို တည်းဖြတ်ရစဉ်ကတည်းက ပြည်သူများသို့ နိုင်ငံတကာ နိုင်ငံရေးသမားတို့၏ သဘောသဘာဝများကို သိရှိသဘောပေါက်စေရန် ကြိုးစားအားထုတ်ခဲ့ပါသည်။ သို့ဖြစ်ရာ မိုးကောင်းစံ၊ မောင်ခေတ်ကလောင်အမည်များဖြင့် နိုင်ငံရေးဆောင်းပါးနှင့် ဖြစ်ရပ်မှန်များကို ရေးသားခဲ့ပါသည်။ ကျွန်တော် မျက်မှောက်ရေးရာ မဂ္ဂဇင်းမှ အနားယူလိုက်ချိန်တွင် ဆရာကိုကြည်ရွှန်းက မျက်မှောက်ရေးရာ မဂ္ဂဇင်းတွင် ကျွန်တော် ရေးခဲ့သည့် နိုင်ငံရေး ဖြစ်ရပ်မှန်များကို ဆက်လက် ရေးသားပေးရန်နှင့် သူ စာအုပ်တစ်အုပ် အဖြစ် ထုတ်လိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်တော့်အနေဖြင့် ဆရာကိုကြည်ရွှန်း၏ စွန့်စားအားထုတ်မှုကိုလည်း အသိအမှတ် မပြုဘဲ မနေနိုင်လောက်အောင် ဖြစ်သွားရသည်။

မင်းတုန်းမင်းကြီး အုပ်ချုပ်သည့် ပဒေသရာဇ်ခေတ်ကာလကပင် မင်းတုန်းမင်းကြီးက "ငါ မကောင်းလျှင် ငါ့ကို ရေး၊ ငါ့မိဖုရား မကောင်းလျှင် ငါ့မိဖုရားကို ရေး၊ ငါ့သားသမီး မကောင်းလျှင် ငါ့သားသမီးကို ရေး၊ လွှတ်တရားသူကြီး မကောင်းလျှင် လွှတ်တရားသူကြီးကို ရေး၊ မြို့ဝန် မကောင်းလျှင် မြို့ဝန်ကို ရေး၊ မင်းတို့ သတင်းစာတိုက်၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်မှ မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ" ဟူ၍

mgyoe.com

mgyoe.com
SAMPLE BOOK

အမိန့်ထုတ်ပြန်ခဲ့ဖူးပါသည်။ ပဒေသရာဇ်ခေတ်မှာပင် လွတ်လပ်၍ ဒီမိုကရေစီနည်းကျသည့် သဘောတရားများ မြန်မာ့အုပ်ချုပ်ရေးတွင် အထင်အရှား စိမ့်ဝင်နေခဲ့ကြောင်း တွေ့ရသည်။

ကျွန်တော်သည် နိုင်ငံရေးကို စိတ်ဝင်စားသော်လည်း ပါတီထောင်ပြီး နိုင်ငံရေး လုပ်စားရလောက်အောင် စွန့်စားမည်တော့ မဟုတ်ပါ။ သို့သော် သတင်း မီဒီယာသမားတစ်ယောက်ဘဝဖြင့် မင်းတုန်းမင်းကြီး ပြောခဲ့သည့်အတိုင်း လုပ်ဆောင်ခွင့် ရကာ မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် တစ်တပ်တစ်အား ပါဝင်ခွင့် ရမည် ဆိုလျှင် ကလောင်တစ်လက်အား စည်းရုံးရေးလက်နက်၊ လှုံ့ဆော်ရေးလက်နက်၊ ပညာပေးရေးလက်နက်၊ အစိုးရနှင့် ပြည်သူအကြား ပေါင်းကူး ဆက်စပ်ပေးသည့် လက်နက်အဖြစ် အသုံးပြုကာ ပြည်သူအတွက် အမှန်တရား ဖော်ထုတ်ရေးတွင် တစ်တပ်တစ်အား ပါဝင်သူ အနေဖြင့် ရပ်တည်ခွင့် ရလိုပါသည်။

တင်ညွန့်

၂၀၀၉ ခုနှစ်၊ဧပြီလ ၂၉ ရက်။


mgyoe.com

mgyoe.com SAMPLE BOOK

# ဇစ်ပါကိတ် သို့မဟုတ်
# ဒီမိုကရေစီ သမ္မတတစ်ဦး၏
# ထူးကဲသော အာရုံခံစားမှုများ

mgyoe.com

mgyoe.com SAMPLE BOOK



အမေရိကန် သမ္မတ ဘီလ် ကလင်တန်



mgyoe.com

mgyoe.com SAMPLE BOOK

## ဇစ်ပါဂိတ် သို့မဟုတ်
## ဒီမိုကရေစီသမ္မတတစ်ဦး၏ ထူးကဲသော အာရုံခံစားမှုများ

သမ္မတ ကလင်တန်၏ ဇာတ်လမ်းနှင့် သူ့ အားနည်းချက်များသည် အမေရိကန် သမ္မတ သမိုင်းနှင့် နှစ်ဆယ်ရာစု နိုင်ငံရေးကို အတော်လေး ထိခိုက်စေခဲ့သည်။ သမ္မတ နစ်ဆင် လက်ထက်တွင် ဝါးတားဂိတ်ပြဿနာ ပေါ်ပေါက်ခဲ့ပြီး သမ္မတ အဖြစ်မှ နုတ်ထွက်ပေးရန် အရေးဆိုမှုများ ဖြစ်ခဲ့သေးသည်။ သို့သော် သမ္မတ ဘီလ် ကလင်တန် လက်ထက်တွင် ပေါ်ပေါက်ခဲ့သည့် ပြဿနာသည် နစ်ဆင်လို နိုင်ငံရေး ပြဿနာ မဟုတ်၊ အိမ်ထောင်မှု ဖောက်ပြန်ပြီး မိန်းမရှုပ်သည့် အရေး ဖြစ်နေသည်။ ကြားလို့မှမတော်၊ အမေရိကန် သမ္မတသည် မိန်းမပွေသည် ဆို သည့် စွဲချက်များနှင့် ရင်ဆိုင်လိုက်ရသည်။ သို့လော သို့လော အုတ်အော်သောင်း တင်း ဖြစ်သွားခဲ့ရသည့် ပြဿနာ ဖြစ်သည်။

၁၈၆၈ ခုနှစ် သမ္မတ အန်ဒရူး ဂျွန်ဆင် လက်ထက်တွင် မိန်းမမှုဖြင့် အရှုပ်အထွေး ဖြစ်ခဲ့ဖူးသေးသည်။ ဂျွန်ဆင်သည်လည်း အိမ်ထောင်ရေး ဖောက်ပြန် မှုဖြင့် စွပ်စွဲခံခဲ့ရသည်။ ခိုင်လုံသော စွပ်စွဲချက်များကြောင့် အမေရိကန်သမိုင်းတွင် မကြုံစဖူး ထူးကဲသည့် ဥပဒေချိုးဖောက်မှုများဖြင့် နှစ်လတာ အမှုစစ်ဆေးမှုခံခဲ့ရ သည်။ အရွေးချယ်ခံ နယ်မြေများမှ သမ္မတအပေါ် ဆန့်ကျင်ကန့်ကွက်မှုများ၊ သမ္မတရာထူးမှ နုတ်ထွက်ရန် တောင်းဆိုမှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဂျွန်ဆင်သည် သမ္မတများထဲတွင် ပထမဦးဆုံး စွဲချက် အတင်ခံရသူ ဖြစ်လာခဲ့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သတင်းစာများကလည်း ဂျွန်ဆင်ကို ကောင်းကောင်း အပုပ်ချကာ ရာဇဝတ်သားအဖြစ် ပြစ်တင်စွပ်စွဲ ဝေဖန်ခဲ့ကြသည်။ သမ္မတ လင်ကွန်းကို လုပ်ကြံသတ်ဖြတ်ရာတွင် ပူးပေါင်းကြံစည်ခဲ့သူ အဖြစ်သာမက မိန်းမမှု အရှုပ်အထွေးတွင် ပါဝင်သူအဖြစ် စွပ်စွဲဝေဖန်ခဲ့ကြသည်။ အမေရိကန် သမ္မတသမိုင်းတွင် ခေတ်သစ် မိန်းမမှု အရှုပ်အထွေးသည် ဘီလ် ကလင်တန် လက်ထက်တွင် တစ်ဖန်ပြန်လည် ပေါ်ပေါက်လာခဲ့သည်။

ဘီလ် ကလင်တန်ကို စွပ်စွဲချက်များတွင် မိန်းမရှုပ်သည် ဆိုခြင်းထက် ပိုလေးနက်သည့် အမှုတစ်မှု ရှိသေးသည်။ ထိုအမှုကို အထူးစုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ရပြီး *'Whitewater'* အမှု ဟူ၍ လူသိများသည်။ ၁၉၇၉ ခုနှစ်၊ ဩဂုတ်လ၌ ကလင်တန် အာကင်းဆက်စ်နယ်တွင် ရှေ့နေလိုက်နေစဉ်က ဖြစ်သည်။ ထိုစဉ်က ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးအတွက် ဝင်ရောက်အရွေးခံရန် အဖွဲ့နှင့် လှုပ်ရှားနေကြသည့် ကာလလည်း ဖြစ်သည်။ ဘီလ်နှင့် ဟီလာရီ ကလင်တန်တို့သည် အာကင်းဆက်စ်ပြည်နယ် မြောက်ပိုင်း၊ အိုးဇပ်မောင်းတိန်းအရပ်ရှိ မြစ်ကမ်းဘေးတွင် မြေဧက ၂၃၀ အကျယ်အဝန်းရှိ ခြံကြီးတစ်ခြံကို ဝယ်ထားသည်။ အလားအလာကောင်းသည်ဟု ယူဆပြီး ဝယ်ထားလိုက်ကြခြင်းဖြစ်သည်။ သို့သော် ငွေ အမှန်တကယ် လက်ငင်းပေး၍ ဝယ်ခြင်း မဟုတ်။ အကြွေးဖြင့်ဝယ်ခြင်းဖြစ်ပြီး အတိုးကို ဇနီးမောင်နှံနှစ်ဦး၏ မိတ်ဆွေများဖြစ်သော ဂျင်မ်နှင့် ဆူဆန် မက်ဒေါ်ဂဲလ်တို့က ပေးဆောင်ထားရန် သဘောတူပြီး ဝယ်ထားခဲ့ကြခြင်း ဖြစ်သည်။

သို့သော် ထိုနယ်မြေသည် ထင်သလို ဖွံ့ဖြိုးတိုးတက်မလာသည့်အပြင် ကလင်တန် ဇနီးမောင်နှံကလည်း ထိုမြေနှင့် ပတ်သက်ပြီး အကြွေးဆပ်ရန် မေ့ထားလိုက်ကြသည်။ နောက်ပိုင်း မက်ဒေါ်ဂဲလ်ကုမ္ပဏီလည်း ကြွေးထူပြီး ဒေဝါလီခံကာ ထောင်နန်းစံရသည့် ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ နောက်ကြောင်းကို ပြန်လိုက်ကြသည့်အခါတွင် ထိုစဉ်က ကလင်တန်သည် ပြည်နယ် အုပ်ချုပ်ရေးမှူးရာထူး ရရန် ကျိန်းသေနေသဖြင့် မူလပိုင်ဆိုင်သည့် သစ်ကုမ္ပဏီကြီးတစ်ခုက ထိုမြေကို ဈေးနှုန်း သက်သာစေရန် အကြံဖြင့် ဖန်ပေးထားခြင်း ဖြစ်ကြောင်း သိရှိသွားကြသည်။ *Whitewater* အမှုကို ဆက်လက် စစ်ဆေးရာတွင် ထိုမြေယာအတွက် ပေးဆောင်ခဲ့သည့် ငွေကြေးအားလုံးသည် ကလင်တန် မဲဆွယ်ပွဲ လုပ်စဉ် ရန်ပုံငွေများထဲမှ စီးဆင်းသွားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုကြသည်။

ဟီလာရီ ကလင်တန်၏ သောက်သောက်လဲ ရလာသည့် ငွေကြေး၊ အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်၍လည်း စုံစမ်းစစ်ဆေးမှုများ ပြုလာကြ



mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ဟီလာရီ အနေဖြင့် အာကင်းဆက်စ်နယ်ရှိ ရိုစ်ဥပဒေဌာနတွင် မက်ဒေါ်ဂဲလ်နှင့် ရင်ဆိုင်ရသည့် မြေယာအကြွေးဝယ်ထားသော ပြဿနာများကို လာရောက်ဖြေရှင်းစဉ် သက်တော်စောင့် အခြံအရံများနှင့် လာသည်အထိ အဆင့်မြင့်လာသည်။ ထိုအမှုကို လိုက်ပါဆောင်ရွက်သည့် ဗင့်စ် ဖော့စ်တာသည် နောက်ပိုင်းတွင် အိမ်ဖြူတော် ရှေ့နေတစ်ဦး ဖြစ်လာပြီး ဝါရှင်တန်ပန်းခြံတစ်ခုတွင် ဦးခေါင်းကို သေနတ်ဖြင့် အပစ်ခံလိုက်ရကာ ကွယ်လွန်သွားခဲ့သည်။ သေမှုသေခင်း စုံစမ်းရေးဌာနက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်းဟု သတ်မှတ်သော်လည်း ယင်းထက်နက်နဲသည့်အသွင် ဆောင်နေကြောင်း အားလုံး သဘောပေါက်ထားကြသည်။ ကောလာဟာလ သတင်းတစ်ခုက ဗင့်စ် ဖော့စ်တာနှင့် ဟီလာရီတို့တွင် ဘာဂလိုတိုတို ဇာတ်လမ်းတွေ ရှိနေကြောင်း ပေါ်ထွက်လာသည်။

အိမ်ဖြူတော်ရှိ ခရီးသွားလာရေးဌာနမှ ဝန်ထမ်း ခုနစ်ဦးကို အကြောင်းမဲ့ဖြုတ်ပစ်ပြီး ယင်းတို့နေရာတွင် အာကင်းဆက်စ်ရှိ သူမ၏ ရောင်းရင်းများကို ခန့်အပ်သည့်ကိစ္စ စွပ်စွဲချက်များ ဟီလာရီအပေါ် ထွက်ပေါ်လာပြန်သည်။ ထို့ပြင် အိမ်ဖြူတော်သည် *FBI* မှ ထောက်လှမ်းရေးဖိုင်များကို တရားမဝင် ယူငင်သုံးစွဲနေသည်ဟု ပြောလာကြသည်။

သို့သော် ထိုစွပ်စွဲချက်များ၊ ရင်ဆိုင်နေရသည့်အမှုများထက် ပိုပြီး သည်းထိတ်ဖို ရင်သိမ့်တုန်လောက်စရာ ပြဿနာတစ်ရပ် အိမ်ဖြူတော် သတင်းရပ်ကွက်မှ စတင်လာခဲ့သည်။

ပေါ်လာ ဂျုံးစ် ဆိုသည့် မိန်းကလေးတစ်ဦးက ဘီလ် ကလင်တန်သည် သူမကို လိင်မှုဆိုင်ရာ အနှောင့်အယှက်ပြုနေကြောင်း စွပ်စွဲသည့်သတင်းများ ထွက်လာသည်။ ပေါ်လာ ဂျုံးစ်က သူမသည် အာကင်းဆက်စ်ပြည်နယ် အုပ်ချုပ်ရေးရုံးတွင် အမှုထမ်းနေစဉ် အုပ်ချုပ်ရေးမှူးက တွေ့လိုသည်ဟူ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးက လာခေါ်ပြီး ကလင်တန်၏ဟိုတယ်ခန်းထဲသို့ ပို့ပေးခဲ့သည်ဟု စွပ်စွဲလိုက်သည်။

ပေါ်လာ ဂျုံးစ် ထွက်ဆိုချက်ထဲတွင်ပါဝင်သော ဟိုတယ်ခန်းထဲမှ အဖြစ်အပျက်များသည် စာဖြင့် မဖော်ပြဝံ့လောက်အောင် ဖြစ်သည်။ မတော်ရာကို ဇစ်ဖြုတ်ပြီး နမ်းခိုင်းသည့် ပြဿနာနှင့် စခဲ့ပြီး ဂျုံးစ်က ယဉ်ယဉ်ကျေးကျေး ငြင်းဆိုခဲ့ရသည်ဟု ဆိုသည်။ သို့သော် *American Spectator* မဂ္ဂဇင်းကြီးက ဂျုံးစ်သည် ကလင်တန်နှင့် အိပ်စက်ခဲ့ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။

ပေါ်လာ ဂျုံးစ်သည် ထိုစဉ်က အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ပြီး ကလင်တန်က သူမ၏ အထက်အရာရှိ ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ ထိုအပြုအမူသည် ဂျုံးစ်

mgyoe.com

mgyoe.com SAMPLE BOOK



ဘီလ်နှင့် ဟီလာရီ ကလင်တန်

အတွက် ဝှက်ဖဲလေးတစ်ချပ်သဖွယ် လက်ထဲတွင် ကိုင်ထားစရာ ဖြစ်သွားခဲ့သည်။ သို့သော် ကလင်တန်ကလည်း ထိုသို့သော အဖြစ်မျိုး လုံးဝဖြစ်ခဲ့ခြင်း မရှိကြောင်း ခါးသီးစွာ ငြင်းဆိုခဲ့သည်။

အထူးစုံစမ်းရေးအဖွဲ့သည် ရှေ့နေချုပ်အား ထိုအမှုကို ဆက်လက် စုံစမ်း စစ်ဆေးနိုင်ရန် ခွင့်ပြုချက် တောင်းခံခဲ့သည်။ လက်ရှိ *Whitewater* အမှု ကိစ္စကလည်း မပြတ်သေးသဖြင့် အမှုများကို တစ်ပေါင်းတည်း ကိုင်တွယ်ရန် ဖြစ်သည်။ ထိုစဉ်က အထူးစုံစမ်းရေးမှူးမှာ ကင်န် စတား ဖြစ်ပြီး ပေါလာ ဂျုံးစ် အမှုတွဲကိုလည်း ပူးတွဲကိုင်တွယ်ခွင့် ရရှိသွားခဲ့သည်။

ကလင်တန်သည် မိန်းမလိုက်စားသူတစ်ဦး ဖြစ်ကြောင်း သူ့ပြည်နယ်သားတွေက သိရှိပြီးသား ဖြစ်သည်။ အာကင်းဆက်စ်ပြည်နယ်၊ ဟုပ်မြို့တွင် ၁၉၄၆ ခုနှစ်၌ မွေးဖွားခဲ့ပြီး ကနေဒီကို အားကျကာ နိုင်ငံရေးသမားတစ်ဦး ဖြစ်ချင်နေခဲ့သူ ဖြစ်သည်။ သူ အသက် ၁၇ နှစ်သား အရွယ်တွင် သူ စံပြုထားသည့်ပုဂ္ဂိုလ် ကနေဒီနှင့် တွေ့ဆုံခွင့် ရခဲ့သည်။ ယေးလ်ဥပဒေကျောင်းတွင် ဟီလာရီ ရိုဒမ်နှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံရေး စကားများ အပြန်အလှန် ဆွေးနွေးပြောဆိုနိုင်ခဲ့ကြသည်။ အာကင်းဆက်စ်သို့ ကလင်တန် အပြန်၊ ၁၉၇၄ ခုနှစ် ကွန်ဂရက် ရွေးချယ် တင်မြှောက်ပွဲ မန်နေဂျာရာထူးကို လက်ခံပြီး အတူ လိုက်ပါသွားခဲ့သည်။ ထိုနှစ်တွင် ကလင်တန် ရှုံးခဲ့သည်။

ဟီလာရီသည် ရွေးကောက်ပွဲအတွက် အဖွဲ့ကို ဆက်ပြီး လှုပ်ရှားနေစဉ် ကလင်တန်သည် အဖွဲ့ထဲမှ တစ်ဦးနှင့် ငြိလိုက်သေးသည်။ သို့သော် ဘီလ်နှင့် ဟီလာရီတို့သည် ၁၉၇၅ ခုနှစ်တွင် လက်ထပ်ခဲ့ကြပြီး အာကင်းဆက်စ်ပြည်နယ် အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲ ၆ ဆက်တိုင်တိုင် ဟီလာရီသည် ကလင်တန်ဘေးမှ မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်။ ထိုစဉ်ကတည်းက ခင်ပွန်းသည် ရှုပ်ခဲ့သည့်



mgyoe.com

mgyoe.com SAMPLE BOOK

အတိတ်ဇာတ်ထုပ်သည် ယခုမှ အဘယ်ကြောင့် အပုပ်နံ့ ပြန်ပေါ်ထွက်လာခဲ့ရပါသနည်း။

၁၉၉၂ ခုနှစ်တွင် ကလင်တန်သည် သမ္မတရာထူးအတွက် တက်လှမ်းရန် ဆုံးဖြတ်ပြီးနောက် ဩဇာကြီးမားလှသည့် ကနေဒီကို အသုံးချခါ ရှေ့တစ်ဆင့် တက်လှမ်းမှုကို ရယူခဲ့သည်။ သူ ဇာတ်လမ်းရှုပ်ခဲ့သမျှ သူ့နိုင်ငံရေးအရှိန်အဝါကို မထိခိုက်နိုင်ဟုလည်း ယူဆခဲ့သူ ဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နယူးဟမ့်ရှိုင်းယား၌ အောက်ခြေစည်းရုံးမှုများကို စတင်လုပ်ဆောင်စဉ် စူပါမတ်ကက်ကြီးတစ်ခုမှ ထုတ်ဝေသည့် *The Star* သတင်းစာကြီး၏ ခေါင်းကြီးပိုင်းမှ ''ဒီမိုကရက်တစ်ပါတီ ရှေ့တန်းရောက်နေသူ ဘီလ် ကလင်တန် မစ္စအမေရိကနှင့် ဖောက်ပြန်ခဲ့သလား''ဆိုကာ ပြူးတူးပြဲတဲ သတင်းခေါင်းကြီး တင်လိုက်သည်။

နောက်ပိုင်းတွင် ဘီလ် ကလင်တန်နှင့် အိပ်စက်ခဲ့ပါသည် ဆိုသော အမျိုးသမီး ငါးဦး စာရင်းထွက်လာသည်။ ထိုစာရင်းထဲတွင် မစ္စအမေရိက ဘွဲ့ရခဲ့ပြီး ကာလသားကြိုက် *Playboy* မဂ္ဂဇင်းကြီး၏ အလယ်ကောင်တည့်တည့် စာမျက်နှာတွင် ပါဝင်ခဲ့ဖူးသော အဲလစ်ဇဘက် ဝပ်ဂရေစင် ဆိုသူလည်း ပါဝင်သည်။ ဘီလ် ကလင်တန်သည် ထိုကိစ္စကို ငြင်းဆိုခဲ့ပြီး နောက်ပိုင်းတွင် ထိုစူပါမားကက်ထုတ် သတင်းစာသည် လူပြိန်းကြိုက် အပေါစား သတင်းစာတစ်စောင်ဖြစ်သည် ဟူသော စွပ်စွဲချက်များကို ခံခဲ့ရသည်။

*The Star* ကလည်း အညံ့မခံ '၁၂ နှစ်မြောက် ကလင်တန် အထူးထုတ်' ဟု ဆိုကာ ထပ်မံ ထုတ်ဝေလိုက်ပြန်သည်။ ထိုသတင်းစာတွင် *Little Rock* အမည်ရ နိုက်ကလပ်မှ အဆိုကျော် ဂျနီဖာ ဖလားဝါးစ်ကို ပွဲထုတ်ထားသည်။ ဂျနီဖာသည် သတင်းသမားများ အလိုအရ ဇက်ဖဲလေး တစ်ချပ်ဖြစ်သည်။ ဂျနီဖာနှင့် တွေ့ဆုံ ဆွေးနွေးခန်းတွင် -



ဂျနီဖာ ဖလားဝါးစ်

''သူနဲ့လား၊ တွေ့မရှောင် နေရာတိုင်းပဲ၊ သူ့ကို ကျွန်မက ကောင်လေးလို့ ခေါ်တယ်၊ သူက ကျွန်မကို ကောင်မလေးတဲ့'' ဟု ပြောသွားမှုများကို ပွင့်လင်းစွာ ရေးသားထားကြသည်။ ထို့ပြင် အုပ်ချုပ်ရေးမှူး စံအိမ်တော်အတွင်း ဟီလာရီ မြက်ခင်းပြင်၌ ဧည့်ခံနေစဉ်



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့နှစ်ဦး ယောကျ်ားအိမ်သာထဲ ဝင်ကာ ကဲကြပုံများကိုလည်း ပက်ပက်စက်စက် ဖောက်သည်ချထားသည်။

မီဒီယာကလည်း ထိုသတင်းမျိုးကို သည်းခြေကြိုက်တတ်သည်ဖြစ်ရာ ၁၉၉၂ ခုနှစ် သတင်းစာရှင်းလင်းပွဲ တစ်ခု၌ သတင်းထောက်တစ်ယောက်က ဂျနီဖာအား "အဲဒီအချိန်မှာ အုပ်ချုပ်ရေးမှူးကြီးက အဖော် သုံးခဲ့သလား" ဟု ထမေးရာမှ ပွဲကျခဲ့ရသည့် ဖြစ်ရပ်များလည်း ရှိခဲ့ဖူးသည်။

နိုင်ငံရေးလောကတွင် လူတို့သည် သာမန်နိုင်ငံရေး လှုပ်ရှားမှုများထက် လိင်ကိစ္စအသားပေး ကိစ္စလေးများကိုသာ စိတ်လှုပ်ရှားတတ်သဖြင့် ကလင်တန် အုပ်စုသည် တန်ပြန်ရိုက်ချက်များကို တုံ့ပြန်ရိုက်ချက်များဖြင့် အစားထိုးကာ နိုင်ငံရေး ကစားသွားနိုင်ခဲ့ကြောင်း တွေ့ရသည်။

ကလင်တန်၏ မိန်းမလိုက်စားခြင်းကို သူ့အဖွဲ့က အကောင်းဆုံး အကျိုးရှိစေရန် အသုံးချသွားခဲ့သည်။ ဂျနီဖာကို အကောင်းဆုံး တုံ့ပြန်ရန်အတွက် သူတို့သည် *CBS* ရုပ်သံကို ခေါ်ပြီး မိနစ် ၆၀ စာ 'ဂုဏ်သတင်းကြီးသူများ' ပရိုဂရမ်ကို ရိုက်ကူးထုတ်လွှင့်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် ကလင်တန်သည် ဟီလာရီအားတွင် မခုတ်တတ်သည့်အသွင်ဆောင်ကာ သူတို့ အိမ်ထောင်ရေးတွင် ပြဿနာလေးတွေ ရှိကြောင်း ဝန်ခံသွားသည်။ အင်တာဗျူးသူက အိမ်ထောင်ရေး ဖောက်ပြန်လို့လားဟု မေးလိုက်သည့်အခါတွင် ဟီလာရီက "အိမ်ထောင်သက် ကြာလာကြတဲ့ အိမ်ထောင်သည်တွေ ဒါမျိုးကို သဘောပေါက်ပါတယ်"ဟု အေးစက်စက် ဝင်ပြောပေးသွားသည်။

လူတိုင်း စိတ်ဝင်စားစွာဖြင့် ကြည့်ရှုကြသည့် အစီအစဉ်တစ်ခု ဖြစ်သွားသည်။ အထောင်၊ အပင့်၊ အမြောက်၊ အခုတ် ကောင်းကောင်းဖြင့် ဇာတ်တိုက်ထားသည် ဖြစ်သောကြောင့် စိတ်ဝင်စားစရာ ဖြစ်သွားရသည်။ ဇာတ်တိုက်ထားသည့်ကြားမှ တမ်မီ ဝှစ်နေးကို ဟီလာရီက 'ကျွန်မတို့လူ' ဟူ၍ မှားယွင်းသုံးစွဲမိလိုက်သဖြင့် နောက်ပိုင်းတွင် သွားရောက် တောင်းပန်ခဲ့ရသေးသည်။

ကလင်တန်ကို ဆေးခြောက်ရှူသည် ဟူသော စွပ်စွဲချက် ထွက်လာပြန်သည်။ ဤသည်ကိုလည်း သောက်ကြည့်ခြင်းသာ ဖြစ်ပြီး ရှူမသွင်းပါဟု တုံ့ပြန်ခဲ့သည်။ သူ အင်္ဂလန်တွင် ကျောင်းတက်နေစဉ် ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး အမေရိကန်ဥပဒေကို မချိုးဖောက်ခဲ့ပါဟု ဆိုသည်။ ဗီယက်နမ် စစ်ပွဲကာလအတွင်း ကလင်တန်အနေဖြင့် စစ်မှုထမ်းရန် ရှောင်တိမ်းနေခဲ့မှုနှင့် ပတ်သက်၍လည်း အကျယ်အကျယ် အငြင်းမပွားရသေးမီမှာပင် ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲကို



mgyoe.com

mgyoe.com
SAMPLE BOOK



နိုင်ဖြစ်အောင် နိုင်လိုက်ပြီး အိမ်ထောင်ရေး ဖောက်ပြန်မှု၊ မူးယစ်ဆေး သုံးစွဲမှု၊ စစ်မှုထမ်းရန် ရှောင်တိမ်းမှုများသည် သမ္မတတစ်ဦး ဖြစ်စေရန် တွန်းပို့လိုက်သည့် အကြောင်းခြင်းရာများ ဖြစ်သွားခဲ့ရသည်။ နောက်ပိုင်းတွင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ တိုက်ခိုက်ဝေဖန်မှုများကို ခံရဖန်များလာသည့်အခါတွင် ကလင်တန် ကျဆုံးခန်း အကြောင်းဖန်စရာ ဖြစ်လာခဲ့ရသည်။

ကလင်တန် အိမ်ဖြူတော် ရောက်သည်အထိ အာကင်းဆက်စ်ပြည်နယ်တွင် အုပ်ချုပ်ရေးမှူးဘဝကတည်းက တာဝန်ယူ စောင့်ရှောက်ခဲ့ရသည့် ရဲတစ်ဦး၏ ဖွင့်ဟဝန်ခံချက်တွင် ကလင်တန်သည် မိန်းမပေါင်း ရာနှင့်ချီပြီး ဇာတ်လမ်းတွေ ရှိခဲ့သည်ဟု ဆိုသည်။

ကလင်တန်၏ ရာဂစိတ် သောင်းကျန်းမှုသည် သမီးဖြစ်သူအား ကျောင်းကြိုလာစဉ် ကားရပ်စခန်းအတွင်း စောင့်ဆိုင်းနေချိန်ကိုပင် အလွတ်မပေးဟု ဆိုကြသည်။ ကျောင်းလာကြိုစဉ် မှန်လုံကားကြီးနှင့် လာကြိုလေ့ရှိပြီး နောက်ခန်းတွင် အမျိုးသမီးတစ်ဦး ဘေးတွင် အမြဲပါလာတတ်သည်ဟု ဆိုသည်။ ထိုစဉ်က သမီးဖြစ်သူ ချဲလ်ဆီကို သူ အမြဲ ကျောင်းလာကြိုတတ်သည်။

နောက်ပိုင်း အလျှိုလျှိုပေါ်လာသည့် စွပ်စွဲချက်များတွင် ထင်ရှားသည့် တရားသူကြီး တစ်ဦး၏ဇနီး၊ ပြည်တွင်းသတင်းစာကြီး တစ်စောင်မှ သတင်းထောက်မ တစ်ဦး၊ အစိုးရဝန်ထမ်းဟောင်း တစ်ဦး၊ *Little Rock* စတိုးအလှပြင်ပစ္စည်း အရောင်းဆိုင်မှ ကောင်တာစာရေးမနှင့် ဘော်ဘီ အန်းဝီလျံ အမည်ရှိ လူမည်း ပြည့်တန်ဆာမတစ်ဦးတို့ ပါဝင်နေသည်။ ဘော်ဘီက သူမနှင့် ကလင်တန်တို့



mgyoe.com

mgyoe.com SAMPLE BOOK

၁၃ ကြိမ် အိပ်ဖူးပြီး ယခု ရရှိထားသည့် သွေးနှောကလေး၏ ဖခင်မှာ ကလင်တန် ဖြစ်ပါသည်ဟု စွပ်စွဲထားသည်။

မစ္စအာကင်းဆက်စ် အလှမယ်ဘွဲ့ ရခဲ့ဖူးသည့် ဆယ်လီ ပါဒူးကလည်း ကလင်တန်နှင့် ၁၉၈၃ ခုနှစ်တွင် ဇာတ်လမ်းတွေ ရှိခဲ့ကြောင်း ဝန်ခံခဲ့သည်။ ထိုစဉ်က ဆယ်လီသည် *Little Rock* တွင် ရေဒီယို အစီအစဉ်မှူး အဖြစ် တာဝန် ထမ်းဆောင်နေချိန်လည်း ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးက သူမကို 'ကောင်းကောင်း နေ၊ ခိုင်းတဲ့အတိုင်း လုပ်' လျှင် ဒေါ်လာ လေးသောင်း ပေးမည်ဟု ခြိမ်းခြောက်ခဲ့ပြီး သူမက မလုပ်လျှင်ဟု ပြန်မေးရာ ခြေထောက်ရိုက်ချိုးခြင်း ခံရမည်ဟု ဆိုခဲ့သည်။

ကော်နီ ဟမ်ဇီး ဆိုသူကလည်း *Penthouse* မဂ္ဂဇင်းကြီးသို့ ပြောကြားရာတွင် ကလင်တန်၏ လက်ထောက်တစ်ဦးသည် သူမထံ ရောက်လာပြီး အလွန်သေးသည့် ဘီကီနီလေး ဝတ်ကာ ရေကူးကန်ဘေးတွင် နေဆာလာလှုံပေးရန် တောင်းဆိုဖူးသည်ဟု ဆိုသည်။ သူမက အနာဂတ် သမ္မတလောင်းကို ယုယစွာ ပွတ်သပ် ကြင်နာခဲ့ဖူးပါသည်ဟု ကြွားလုံးထုတ်သွားသည်။

*Blonde Power* ကုမ္ပဏီ၏ အရာရှိတစ်ဦး ဖြစ်သူ ဂျန်ကင်ကမူ ကလင်တန်နှင့် သူမတွင် ဘာဇာတ်လမ်းမှ မရှိကြောင်း ငြင်းဆိုခဲ့သည်။ သို့သော် ကလင်တန်၏ ဖုန်းမှတ်တမ်းတွင် သူမထံ တစ်နေ့လျှင် ၁၁ ကြိမ် ဖုန်းဆက်သည့် မှတ်တမ်းများက သက်သေအဖြစ် ရှိနေသည်။ တစ်ကြိမ်ကဆိုလျှင် ညဉ့်နက်ချိန်မှ



ဟီလာရီ ကလင်တန်



mgyoe.com

mgyoe.com
SAMPLE BOOK

ခေါ်ပြီး ဖုန်းပြောချိန် ၉၄ မိနစ်တိတိ ကြာသည်။ ဂျနီဖာ ဖလားဝါးစ် ရေးသည့် *Passion and Betrayal* စာအုပ်တွင် ကလင်တန်သည် သူ့ချစ်သူတစ်ဦးဦးထံ ဖုန်းပြောနေစဉ် အလွန်အကျူး ခံစားတတ်ပုံများကို ကွက်ကွက်ကွင်းကွင်း ရေးသားဖော်ထုတ်ထားသည်။

အထက်ပါ စွပ်စွဲချက်များ အားလုံးကို ကလင်တန်သည် ပတ္တန်လှပ်ပေ။ သူ့ကို လူသိ ပိုများစေသည့် အချက်များအဖြစ် အဖွဲ့က လက်ခံထားခဲ့ကြသည်။ *Beltway*၏ အလိုအရ ဘီလ် ကလင်တန်နှင့် ဟီလာရီတို့သည် သမ္မတ မဖြစ်မီ နှစ်ပေါင်းများစွာကတည်းက သဘောတူညီချက် ထားရှိခဲ့ကြသည်ဟု ဆိုသည်။ ထို သဘောတူညီချက်တွင် ဟီလာရီသည် မြာပွေသည့် ကလင်တန်ဘေးတွင် ဟန်ပြသက်သက် ရပ်တည်ပေးရန် အတွက်သာဟု ဆိုကြသည်။ ထို့သို့ ရပ်တည်ပေးသည့်အတွက် ဟီလာရီ ပြန်ရမည့် ခံစားခွင့်မှာ သမ္မတ ဖြစ်လျှင် အစိုးရအဖွဲ့၌ နေရာကောင်းကောင်း ပေးရမည် ဖြစ်သည်။

သူတို့ဇနီးမောင်နှံ အိမ်ဖြူတော်သို့ ရောက်ချိန်တွင် ဟီလာရီသည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ဗြိတိန် *NHS* ပုံစံအတိုင်း သွားနေမှုမှ အမေရိကန်ပုံစံသို့ ပြောင်းရာတွင် ကြီးကြပ်အုပ်ချုပ်သူ ဖြစ်သွားသည်။ သို့သော် ရီပတ်ဘလီကန်တို့က ဟီလာရီ၏ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်သည် ကွန်မြူနစ်ဆန်ပြီး အသက်အာမခံထားသည့် ကုမ္ပဏီများ ငွေတွေ သန်းချီ ပုံအောပြီး လျော့ရလိမ့်မည်ဟု ဝေဖန်ကြသည်။ ဟီလာရီ၏ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်သည် စုတ်ပြတ်ပြီး သုံးမရအောင် ဝေဖန်ပစ်တင်ခံရရုံမျှမက ပျက်ပြားသွားကာ ဟီလာရီလည်း အလုပ်ပြုတ်သွားခဲ့သည်။

ထိုအချိန်တွင် ဘီလ် ကလင်တန်ကို အမှန်တကယ် ဒုက္ခပေးမည့် ပေါလာ ဂျုံးစ်သည် တစ်စခန်းထလာသည်။ သူမ နောက်တွင် ကျောထောက်နောက်ခံ တောင့်လာသည်။ ချမ်းသာသည့် ရီပတ်ဘလီကန်များ ဖြစ်သည်။ ပေါလာဂျုံးစ်သည် ကလင်တန်အား တရားရုံးတင်နိုင်ရေး ခြိမ်းခြောက်လျက် ရှိနေသည်။ အိမ်ဖြူတော်ကလည်း သူမကို သက်သေအထောက်အထား မခိုင်လုံဘဲ စွပ်စွဲချက်များကြောင့် ဒုက္ခရောက်သွားနိုင်သည်ဟု ဖိအားများပေးလျက် ရှိသည်။ ရီပတ်ဘလီကန်တို့ကလည်း သူမကို ဝိုင်းပြီး အားပေးထောက်ခံနေသဖြင့် နောက်ဆုံး ပေါလာဂျုံးစ် တစ်ယောက် ရှေ့ဆက်တိုးခဲ့ရသည်။

ဂျုံးစ်သည် ငွေလိုချင်သဖြင့် ဤခွင်ကို ဆင်ခြင်း မဟုတ်ကြောင်း ပြောသည်။ သူမ လိုချင်သည်က တောင်းပန်ရန်သာ ဖြစ်သည်။ သို့သော် ကလင်တန်


mgyoe.com

mgyoe.com
SAMPLE BOOK

အတွက်ကလည်း တောင်းပန်လိုက်လျှင် ဝန်ခံလိုက်သလို ဖြစ်သွားမည်။ ပြီးတော့ ဤတိုက်ကွက်သည် မျှော်လင့်မထားသည့် လျှပ်တစ်ပြက်တိုက်ကွက် ဖြစ်နေသည်။ ဂျုံးစ်သည် တစ်ဆင့်တက်ပြီး မီဒီယာကို အသေးစိတ် ဖြစ်ပျက်ခဲ့သမျှ ဖွင့်ချမည်ဟု ကတိပေးလိုက်သည်။ သူမဘက်ကလည်း တရားရုံးတက်ရန် ပြင်ဆင်လိုက်သည့် သဘော ဖြစ်သည်။ သူမသည် ကလင်တန်၏ အတွင်းပိုင်း လျှို့ဝှက်ချက်များနှင့် ပတ်သက်ပြီး အသေးစိတ် တစ်ချက်ချင်း ထုတ်ဖော်ပြောတော့သည်။ မီဒီယာက တစ်ဆင့် ပြန်ရေးလိုက်ရာတွင် အားလုံး တစ်တစ်ခွခွတွေ ဖြစ်ကုန်သည်။

အိမ်ဖြူတော်ကလည်း ဖွင့်လိုက်သည့် အဖုံးကို သမ္မတ အရှိန်အဝါသုံးပြီး ပြန်ပိတ်ရန် ကြိုးပမ်းတော့သည်။ ကလင်တန် တရားရုံးမတက်ရရေး ကြိုးစားကြသည်။ သမ္မတတစ်ဦး တရားရုံးလာရန်၊ မလာရန်မှာ နိုင်ငံတော် တရားရုံးချုပ်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သို့နှင့် တရားရုံးချုပ်အမိန့်ကို စောင့်ကြရပြန်သည်။ ကလင်တန်လည်း ၁၉၉၆ ခုနှစ် နောက်တစ်ကြိမ် သမ္မတသက်တမ်းအတွက် ပြန်လည်အရွေးခံရန် အကျပ်အတည်းဖြစ်သွားရသည်။ ကလင်တန်၏ ပြိုင်ဘက် ရီပတ်ဘလီကန်မှ ဘော့ ဒိုးသည် ပေါ်လာ ဂျုံးစ်၏ စွပ်စွဲချက်များနှင့် ပတ်သက်ပြီး နိုင်ငံရေးအရ ရှေ့တန်းတင် ထိုးနှက်တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ သူက သူ့ကိုယ်သူ ကိုသန့်ရှင်း *(Mr Clean)* အဖြစ် သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ သူလည်း အိမ်ထောင်နှစ်ဆက် ကျထားသူ ဖြစ်သည်။ ပထမ အိမ်ထောင်နှင့် နေစဉ်အတွင်း မရှင်းမလင်းတွေ ဖြစ်ခဲ့သဖြင့် လင်မယား ကွာရှင်းရကာ ယခု ဒုတိယအိမ်ထောင်နှင့် ဖြစ်နေသော်လည်း သူ့ကိုယ်သူ ကလင်တန်ထက်တော့ နည်းနည်းသာသည်ဆိုသည့် သဘောဖြင့် မာန်တင်းပြီး ယောကျ်ားပီပီ ယှဉ်သည့်သဘောမျိုးကိုသာ လုပ်ဆောင်သွားခဲ့သည်။ ဤအချိန်တွင်မှ မထောင်ဝံ့သည့် ကလင်တန့်ခေါင်းသည် ထောင်တောင်တောင် ဖြစ်သွားခဲ့ရလေတော့သည်။



ပေါ်လာ ဂျုံးစ်


mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲအား အမေရိကန်ပြည်သူလူထုသည် ရှုပ်ထွေးလှသည့် လိင်ဇာတ်ရှုပ်ကို ရင်တွင်ပိုက်ကာ မဲပေးခဲ့ကြသည်။ ထိုစဉ်က အမေရိကန်စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်နေသဖြင့် အိတ်ဖောင်းနေသော အမေရိကန်များသည် ကလင်တန်၏ အပြစ်ကို အသေးအဖွဲ လေးဟုသာ သဘောထားကာ စိတ်မပြောင်းသွားခဲ့ကြပေ။ ကလင်တန် ပြန်အရွေး ခံရသဖြင့် တစ်တိုင်းပြည်လုံး စိတ် ပြေသလို ဖြစ်နေချိန်တွင် ဟီလာရီလည်း ဘာတတ်နိုင်မည်နည်း။ ကလင်တန် ရှုပ်ခဲ့သမျှ သမ္မတ ပြန် အရွေးခံရမှုဖြင့် ဖြေသိမ့်လိုက်ရသည်။

သို့သော် တရားရုံးချုပ်ကတော့ မဖြေသိမ့် မကျေအေးခဲ့ပေ။ တရားရုံးက အမှုကို ရပ်ဆိုင်းထားရခြင်းသည် အမှုကို ပိတ်လိုက်ရန် မဟုတ်ဟု အကြောင်း ပြသည်။ အမေရိကန်နိုင်ငံတွင်လည်း ဥပဒေအပေါ် ကျော်ပြီး မည်သူမျှ မရှိစေရ ဆိုသည့်မူတွင် သမ္မတကိုလည်း သူတို့က အကျော်မခံနိုင်ကြပေ။ ပေါ်လာ ဂျုံးစ်၏ အမှုကို ၁၉၉၈ ခုနှစ်၊ မေလတွင် ဆက်လက် ကြားနာစစ်ဆေးခဲ့သည်။

သမ္မတ၏ ရှေ့နေသည် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ၁၁ နာရီကြာအောင် လာရောက်လျှောက်လဲသွားသည်။ အိမ်ဖြူတော်ကလည်း မာန်တွေ မချဘဲ *CNN* သို့ ပေါ်လာ ဂျုံးစ်သည် လက်လျှော့သင့်ကြောင်း၊ သူမအမှုအတွက် မျှော်လင့်ချက် မရှိကြောင်း သတင်းတွေ ထုတ်ပြန်ပေးထားသည်။

ပေါ်လာ ဂျုံးစ်ကလည်း ကလင်တန်၏ အတွင်းရေးတွေကို တိတိကျကျ ဖော်ထုတ်ပြီး ဖြစ်နေသဖြင့် ပေါက်သည့်နဖူး မထူးဇာတ်ခင်းကာ မတော်မတရား စော်ကားယုတ်မာစွာ ခိုင်းစေသည့် သမ္မတထံမှ ဒေါ်လာနှစ်သန်း ရလိုပါကြောင်း လျှောက်ထားတော့သည်။ အကြောင်းပြချက်ကလည်း သူမသည် ကလင်တန်နှင့် အတွေ့အကြုံကြောင့် စိတ်ဖိစီးမှု ဝေဒနာကို ယခုတိုင် ခံစားနေရပါသည် ဟူ၏။

စိတ်ပြေလက်ပျောက် ဘီလ် ကလင်တန်နှင့် ဟီလာရီတို့ ဗာဂျီးနီးယား ကျွန်းသို့ အပန်းဖြေခရီး ထွက်ကြသည်။ သူတို့ ရောက်ရာနေရာတိုင်းတွင် ကမ္ဘာ့ သတင်းသမားတွေက ပြည့်နေသည်။ ကိုယ်အလေးချိန် အနည်းငယ် ကျသွား သဖြင့် လင်မယားနှစ်ယောက် အတော်လေး ပျော်သွားကြသည်။ ရေကူးဝတ်စုံ ကိုယ်စီနှင့် ရေကူးလိုက်၊ ဓာတ်ပုံအရိုက်ခံလိုက် လုပ်နေကြသည်။ ရုပ်သံလွှင့်သူ အချို့က ကရစ်ဘီယံမြင်ကွင်းကို ထုတ်လွှင့်ပြသကြသည်။ ထိုပြကွက်များတွင် ဟီလာရီ ပျော်ရွှင်နေပုံများကို ဟန်ဆောင်မှုကင်းစွာ မြင်တွေ့ကြရသဖြင့် လင်


mgyoe.com

mgyoe.com SAMPLE BOOK

မယားနှစ်ယောက် အတော်လေး ပြန်ပေါင်းထုတ်နိုင်ပြီဟု အားလုံးက ထင်သွားကြသည်။ သို့သော် ရယ်လွန်းလျှင် ငိုရကိန်းသို့ ဆိုက်လာရပြီ ဖြစ်သည်။

ပထမဦးဆုံး ကလင်တန်ကို ပေါ်လာ ဂျုံးစ် အမှုအတွက် တံခါးပိတ်စစ်ဆေးကြားနာရန် တရားရုံးက ဆင့်ခေါ်ပြီး ခြောက်နာရီကြာ စစ်ဆေးမှုဖြင့် စတင်လိုက်သည်။ ပေါ်လာ ဂျုံးစ်နှင့် ကလင်တန်တို့ သိပ်မဝေးမကွာ ထိုင်ကြရသည်ဟု ဆိုသည်။ ဂျုံးစ်၏ ရှေ့နေက ကလင်တန်ကို မေးခွန်းတွေနှင့် ပစ်ပေါက်မေးမြန်းခဲ့သည်။ ကလင်တန်ကလည်း သူနှင့်ဂျုံးစ် နီးနီးကပ်ကပ် နေဖူးသည် ဆိုရုံကလွဲပြီး အခြားဘာမျှ မပြော။ နောက်ပြီး တွေ့ဆုံဖူးသလား၊ မဆုံဖူးသလား မမှတ်မိဟု ဆိုသည်။ မဟုတ်တရုတ် လုပ်ခိုင်းသလား ဆိုသည့် မေးခွန်းကိုတော့ ငြင်းဆိုသွားသည်။ သမ္မတတစ်ဦး အနေဖြင့် လိင်ကိစ္စများနှင့် ပတ်သက်ပြီး အတွေ့အကြုံများကို မကြားဝံ့မနာသာ မေးမြန်းခြင်း ခံခဲ့ရသည်။

တရားရုံးက ခေါ်သည့် နောက်ထပ် သက်သေတစ်ဦးမှာ မော်နီကာ လူဝင်းစကီး ဖြစ်သည်။ သူမသည် အိမ်ဖြူတော် ဝန်ထမ်းတစ်ဦး ဖြစ်ပြီး သမ္မတ ကလင်တန်နှင့် လိင်ဆက်ဆံဖူးခြင်း ရှိ မရှိ မေးမြန်းခြင်း ခံရသည်။ ထိုမေးခွန်းသည် အရေးကြီးသည့် မေးခွန်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကလင်တန်က သူမကို ဖိတ်ခေါ်ဖူးပါသည် ဆိုလျှင် မိမိဝန်ထမ်းများကို ဤသို့ ပြုမူလေ့ရှိသူတစ်ဦးအဖြစ် သက်ရောက်သွားလိမ့်မည် ဖြစ်သည်။ လူဝင်းစကီးသည် ကြံ့ကြံ့ခံပြီး မရှိဖူးကြောင်း ငြင်းဆိုသွားသည်။

အမှန်တော့ လူဝင်းစကီး လိမ်လည်ထွက်ဆိုကြောင်း သိသူမှာ တစ်ဦးသာရှိသည်။ သူမအမည်က လင်ဒါ ထရစ် ဖြစ်ပြီး အသက် ၄၈ နှစ် အရွယ် ဖြစ်သည်။ လင်ဒါသည် ဘုရှ်လက်ထက်ကတည်းက အိမ်ဖြူတော်တွင် လက်ထောက်တစ်ယောက် အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ကလင်တန် လက်ထက်တွင်လည်း ဆက်လက်မြဲပြီး သမ္မတ ရုံးထိုင်သည့် နာမည်ကျော် ဘဲဥပုံရုံးခန်း *(Oval Office)* အတွင်းသို့ ရောက်ရှိလာခဲ့သူ ဖြစ်သည်။ သူမသည် ဟီလာရီ၏ ဥပဒေအကြံပေး ဗင့်စ် ဖော့စ်စတာ (မိမိကိုယ်မိမိ သတ်သေသွားသူ) ထံတွင်လည်း အမှုထမ်းခဲ့ရပြီး ထိုကိစ္စနှင့် ပတ်သက်၍ ကလင်တန် ဗုံးရမ်းထားသည့် လူသတ်သမားများက သတ်သွားသည်ဟု အတိုက်အခံများက ယခုတိုင် စွပ်စွဲ အပုပ်ချနေဆဲ ဖြစ်သည်။

လင်ဒါ ထရစ်သည် ကလင်တန်ကို သဘောတွေ့သူ မဟုတ်ပေ။ သူမက အိမ်ဖြူတော်တွင် တွေ့ခဲ့ရသည့် နောက်မြင်ကွင်းတစ်ခုကို အစီရင်ခံခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK



မော်နီကာ
လူဝင်းစကီး

ကက်သလင်း ဝီလီ ဆိုသူ အမျိုးသမီးလေးသည် သမ္မတရုံးခန်း အတွင်းမှ ထွက်လာပုံကို "ပျာယာခတ်ပြီး ဆံပင်ဖရိုဖရဲ အူမြူးထွက်လာတယ်၊ အဝတ်အစားတွေကလည်း ဖရိုဖရဲနဲ့၊ မျက်နှာကလည်း ရဲနေတယ်၊ နှုတ်ခမ်းနီတွေတောင် ပြောင်သလောက် ဖြစ်နေပြီ" ဟု ထွက်ဆိုသွားသည်။ ဝီလီက မမှန်ကြောင်း၊ လင်ဒါ ထရစ်သည် လိမ်လည်ထွက်ဆိုကြောင်း ရှေ့နေကို ပြောကြားသွားသည်။ တရားရုံးသို့ တင်ပြလာသည့် သက်သေစာရင်းမှ ဝီလီကို ထုတ်ပယ်လိုက်ကြသည်။ နောက်ပိုင်းတွင် ဝီလီသည် ရုပ်မြင်သံကြားသို့ အားလုံး ဖွင့်ချပြသည်။ သမ္မတသည် သူမကို စည်းရုံးသိမ်းသွင်းနေစဉ်ကာလ၌ သူမက သမ္မတထံမှ တစ်ခုတောင်းဆိုဖူးကြောင်း၊ သူမကို ရာထူးတိုးပေးရန်ဖြစ်ကြောင်း၊ သမ္မတကြီးကလည်း "ကောင်းပြီ" ဟု ကတိပေးသွားကြောင်း ဟူ၍ဖြစ်သည်။

သို့ဖြစ်ရာ လင်ဒါ ထရစ်ကို လိမ်လည်ထွက်ဆိုသူ ဟူ၍ မသတ်မှတ်နိုင်တော့သဖြင့် မူလရာထူးကို ပြန်လည်ထမ်းဆောင်ခဲ့ရသည်။ ဤအချိန်တွင်မှ လင်ဒါကလည်း ဗုက်ဖဲတစ်ချပ်ကို ထုတ်သုံးပြန်သည်။ သူမသည် အိမ်ဖြူတော်မှ ပင်တဂွန်သို့ ပြောင်းရွှေ့အမှုထမ်းသည်။ ပင်တဂွန်တွင် ချောချောလှလှနှင့် ငယ်ငယ်ရွယ်ရွယ် ပညာတတ်မလေး မော်နီကာ လူဝင်းစကီးကို မိတ်ဆွေဖွဲ့သည်။ သူတို့နှစ်ဦးစလုံး သမ္မတအိမ်တော်မှ လွှင့်လာကြခြင်း ဖြစ်သည်။ အမျိုးသမီး သန့်စင်ခန်းအတွင်း သူမတို့နှစ်ဦး တွေ့စဉ် လူဝင်းစကီးက လင်ဒါ့ကို သူနှင့် ကလင်တန်တို့နှစ်ယောက် ဘဲဥပုံရုံးခန်းကြီး အတွင်းရှိ အခန်းလေးတစ်ခန်းအတွင်း ကြည်နူးသာယာခဲ့ကြပုံ


mgyoe.com

mgyoe.com SAMPLE BOOK

များကို ပြန်လည်ဖောက်သည်ချ ပြောပြတော့သည်။ ထိုအခန်းလေးသည် ဟိုးယခင် သမ္မတဟောင်း ဝါရင် ဟာဒင်းနှင့် နန်ဘရစ်တန် ဆိုသည့်အပျော်မယားလေးတို့ ချစ်ခန်းဖွင့်ရာ အခန်းလေးလည်း ဖြစ်သည်။

လင်ဒါ ထရစ်သည် ကလင်တန်ကို အမြဲဝေဖန်ပြီး မခံချိမခံသာ ဖြစ်အောင် ရေးလေ့ရှိသည့် နယူးယော့ခ်မြို့မှ စာပေထုတ်ဝေရေး အကြံညာဏ်ပေး ယူစီနီ ဂိုးဘတ်ကို သွားရောက် တွေ့ဆုံခဲ့သည်။ ဂိုးဘတ်သည် ရီပတ်ဘလီကန်တို့ထံမှ တစ်ပတ်လျှင် ဒေါ်လာ ၁၀၀၀ ယူပြီး စပိုင်လုပ်ပေးနေသူ ဖြစ်သည်။ ဂိုးဘတ်သည် လင်ဒါ၏ ပုံပြင်ကို စိတ်ရှည်လက်ရှည် နားထောင်ခဲ့သည်။ သို့သော် ခိုင်လုံသည့် သက်သေကို မတွေ့သဖြင့် စိတ်ပျက်သွားသည်။ သို့ဖြင့် လူဝင်းစကီးနှင့် တစ်ကြိမ် ဖုန်းပြန်ခေါ်၊ စိတ်ကိုဆွပေးပြီး ဖြစ်ပျက်ခဲ့သမျှကို မခြွင်းမချန် ပြန်ပြောလာအောင် လုပ်ဟု ခိုင်းရပြန်သည်။

လူဝင်းစကီးက သူမနှင့် ကလင်တန်တို့ ဇာတ်လမ်းသည် သူမ အိမ်ဖြူ တော်သို့ ရောက်ပြီး မကြာမီမှာပင် စတင်ခဲ့ပြီး ထိုစဉ်က သူမအသက်မှာ ၂၁ နှစ်သာ ရှိသေးကြောင်းက စပြောပြသည်။ လူဝင်းစကီးသည် ကာလီဖိုးနီးယား ပြည်နယ်မှ ချမ်းသာသည့် ဆရာဝန်ကြီး တစ်ဦး၏သမီး ဖြစ်ပြီး ဘီဗာလီဟေးလ် တွင် ကျောင်းပြီးခဲ့သည်။ အထက်တန်းကျောင်းကပွဲ ဗီဒီယိုမှတ်တမ်းတွင် ယောကျာ်း လေးများနှင့် ပူးပူးကပ်ကပ် ဖက်ကာ သရုပ်ဆောင်ပြခဲ့ဖူးသည်။ ပို့လန်းဒ်ကောလိပ် တွင် ခပ်စွာစွာလေးအဖြစ် နာမည်ကြီးခဲ့ပြီး ပါမောက္ခတစ်ဦးနှင့်လည်း ဘာလိုလို အသံတွေ ကြားခဲ့ရသည်။ အထူးသဖြင့် မော်နီကာသည် သက်ကြီးပိုင်းနှင့် အတွေ့ အကြုံ အတော်လေး ရှိခဲ့ဖူးသူဟု ဆိုနိုင်သည်။

၁၉၉၅ ခုနှစ်တွင် ဘွဲ့ရခဲ့ပြီး အိမ်ဖြူတော်ဆီသို့ လစာ မရ၊ အလုပ်သင် ဘဝဖြင့် ဝင်ရောက်အမှုထမ်းရန် မိခင်ကိုယ်တိုင်က စီစဉ်ပေးခဲ့သည်။ အိမ်ဖြူတော် တွင် အင်တာဗျူးစဉ်ကတည်းက "ဒုက္ခပေးမယ့်ဟာလေး" ဟု မှတ်ချက်ချခဲ့ ကြရသည်။

သူမစားပွဲသည် သမ္မတ၏ ဘဲဥပုံရုံးခန်းကြီးနှင့် သမ္မတကိုယ်ပိုင် နေထိုင် သည့် အခန်းနှစ်ခန်းကြားတွင် ရှိသည်။ သမ္မတကြီး အခန်းထဲမှ အထွက်၊ ရုံး ခန်းသို့ အဝင်၊ ရုံးခန်းမှ အထွက်၊ အခန်းထဲသို့ ပြန်အဝင် သတိထားကြည့်စရာ သူမ တစ်ဦးတည်းသာ ရှိသည်။ ဝတ်ထားတော့လည်း စကတ်က တိုန့်နံ့၊ အင်္ကျီ ကြယ်သီးကလည်း ထိပ်သုံးလုံး ဘယ်တော့မှ မတပ်၊ ထိုင်လိုက်ပြန်တော့လည်း စားပွဲအောက်မှာ မလုံ့တလုံ ဖြစ်နေတတ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

အစပိုင်းတွင် သမ္မတကလည်း ပြောင်တောင်တောင်၊ လူတွေနှင့် ပရောပရီ နေတတ်သဖြင့် လူတိုင်းက မထင်ရက်ကြပေ။ သို့သော် တစ်ညတွင် အထူးသီးသန့် ဝင်ခွင့်လက်မှတ်ဖြင့် သမ္မတအိမ်တော်အတွင်းသို့ လူဝင်းစကီး ဝင်လာသောအခါ ပြောစမှတ် ဖြစ်သွားသည်။ ဝန်ထမ်းများကို ထိုလက်မှတ်မျိုး ထုတ်ပေးလေ့မရှိပေ။ လူဝင်းစကီးက သူမသည် ရုံးအုပ်ကြီးနှင့် တွေ့ရန်ဟု လုံခြုံရေးမှတ်တမ်းတွင် ရေးသွင်းသွားသော်လည်း သူမ တွေ့ချင်သည့် ရုံးအုပ်ကြီး ပြန်သွားသည်က ကြာလှပြီ ဖြစ်သည်။

လက်ဆောင်တွေကလည်း အမျိုးမျိုး ပြောင်းလဲလာသည်။ လူဝင်းစကီး ဝယ်ပေးထားသည့် နက်ကတိုင်ကို ကလင်တန်သည် ၁၉၉၇ ခုနှစ်တွင် ဝတ်ဆင်ပြီး ပွဲကြီးတစ်ပွဲတွင် မိန့်ခွန်းပြောကြားခဲ့သည်။ ကလင်တန်ကလည်း သူမထံ ဖန်းတွေနှင့်အတူ အချစ်ကဗျာ တစ်အုပ်၊ ဝတ်စုံတစ်စုံ ပို့လိုက်သည်။ သူမသည် ထိုဝတ်စုံကို မလျှော်မဖွပ် အမှတ်တရ သိမ်းထားပြီး ကြွားလေ့ရှိသည်။ ထိုဝတ်စုံတွင် အခြား အမှတ်တရထက် ပိုသည့် အမှတ်တရ တစ်ခုလည်း ရှိသေးသည်။ ယင်းမှာ ကလင်တန်၏ သုက်ပိုးများ စွန်းထင်နေသည်ဟု ဆိုသည်။

အထူးထောက်လှမ်းရေးများ နားစွန်နားဖျား ကြားလိုက်ရသည့် စကားမှာ သမ္မတအိမ်တော်သို့ မကြာခဏ အလည်မလာရန်နှင့် အထူးသဖြင့် ဟီလာရီနှင့် သမီးတို့ မရှိချိန်တွင် မလာရန် ဟူ၍ ဖြစ်ပေသည်။ လူဝင်းစကီးကလည်း မည်မျှ အတင့်ရဲလာသနည်း ဆိုလျှင် ဧဒဗစ်စခန်း ဧည့်သည်တော် မှတ်တမ်းတွင်ပါ သူမနာမည်ကို တွေ့လာရသည်။

ကောလာဟလတွေကလည်း အိမ်ဖြူတော်တွင် ပြန့်လာသည်။ လူဝင်းစကီးကို လစာ ခံစားရသည့် ဝန်ထမ်းဘဝဖြင့် ပင်တဂွန်ကို ပြောင်းပေးလိုက်ပြီ ဆိုသည့်သတင်းတွေ ထွက်လာသည်။ ပင်တဂွန်တွင်လည်း အခြား အသက်ကြီးကြီး တစ်ယောက်ကို အသုံးချလိုက်ပြန်သည်။ သို့သော် သမ္မတနှင့် ဆက်လက်တွေ့နေဆဲ ဖြစ်ပြီး ညဉ့်အချိန်မတော် ရောက်လာကာ ပွေ့ဖက်နေကြသည့် သဏ္ဍာန်များကို မြင်သူတွေ မြင်နေကြရသည်။

လူဝင်းစကီးသည် အပြည့်ခံဖြင့် နေရသည့်ဘဝကို မရောင့်ရဲနိုင်တော့ပေ။ သမ္မတနှင့် အပြန်အလှန် ဖုန်းပြောနေစဉ် ပြောစကားများကို အသံဖမ်းထားလိုက်သည်။ သူတို့ ပြောဆိုနေကြသည့် စကားတွေကလည်း ကြက်သီးထစရာ စကားတွေ ဖြစ်သည်။ ကလင်တန်က သူ့ဆန္ဒကို ထုတ်ဖော်ပြောပြသည့် အသံဖမ်းမှတ်တမ်းမှာ ပီပြင် တစ်ခွလွန်းလှသည်ဟု ဆိုသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

လင်ဒါ ထရစ်သည် *Whitewater* အမှုကို ကိုင်နေသည့် အထူးရှေ့နေကြီး ကက်နက် စတားထံ သွားသည်။ သူမက ကလင်တန်သည် သမ္မတတစ်ယောက်လည်း ဖြစ်၊ ကျမ်းလည်း ကျိန်ပြီးသော်လည်း ပေါလာ ဂျုံးစ် အမှုတွင် လိမ်လည်ထွက်ဆိုခဲ့ပြီး လူဝင်းစကီးကိုလည်း လိမ်လည်ထွက်ဆိုရန် သူတို့ရှေ့နေ ဗာနွန် ဂျော်ဒန်မှ တစ်ဆင့် ဖိအားတွေ ပေးခဲ့သည်ဟု သက်သေအထောက်အထားများနှင့် သွားရောက် ရှင်းပြခဲ့သည်။

ကက်နက် စတားသည် *FBI* သို့ လင်ဒါ့ထံမှ အချက်အလက်များကို ကြေးနန်းဖြင့် ပို့လိုက်သည်။ လင်ဒါသည် လူဝင်းစကီးကို ခရစ်စတယ်စီတီးရှိ ရစ်ဇ် ကာလ်တန် ဟိုတယ်သို့ ဖိတ်ပြီး ကော့တေးလ် တိုက်ကာ ရင်ဖွင့်ခိုင်းသည်။ *FBI* မှ လူများက ပြောသမျှကို အသံလိုက်သွင်းထားသည်။ လူဝင်းစကီးသည် ပြောရင်းနှင့် သူမအပြင် အခြားမိန်းကလေး လေးဦးကိုပါ ကလင်တန်က ဖောက်ပြန်နေသေးကြောင်း ဖော်ကောင်လုပ်တော့သည်။ ထိုလေးဦးအနက် သုံးဦးသည် အိမ်ဖြူတော်တွင် အလုပ်လုပ်နေသူများ ဖြစ်သည်။ လူဝင်းစကီးက ကလင်တန်ကို *'Creep'* ဟူ၍လည်းကောင်း၊ *'El Sicko'* ဟူ၍လည်းကောင်း ခေါ်ကြောင်းအပြင် ယခင်က ဝန်မခံခဲ့ဖူးသည့် စုတ်ပြတ်သော အမူအကျင့်တို့ကိုပါ တစ်ခုချင်း ထုတ်ဖော် ပြောတော့သည်။ *FBI* ကလည်း အားရရွှင်လန်းစွာဖြင့် အသံသွင်း မှတ်တမ်းတင်ထားလိုက်လေသည်။



ဟီလာရီ ကလင်တန်


mgyoe.com

mgyoe.com
SAMPLE BOOK

လူဝင်းစကီးက ကလင်တန်ကို ပေါ်လာ ဂျုံးစ်အမှုတွင် အဘယ်ကြောင့် အပြင်၌ ကိစ္စအပြီး မဖြေရှင်းလိုက်ရသနည်းဟု မေးဖူးကြောင်း၊ သမ္မတက -

"မဖြေရှင်းနိုင်ပါဘူး၊ ဖြေရှင်းလိုက်ရင် သူ့နောက်က တစ်ပြုံကြီး ထွက်လာမှာပေါ့"ဟု ပြန်ပြောသည်။

လူဝင်းစကီးက "အဲဒီလောက်တောင် များလို့လား"ဟု ပြန်မေးရာ-

"ရာနဲ့ချီ ရှိတယ်"ဟု ကလင်တန်က ပြန်ဖြေကြောင်း ပြောသွားသည်။

*FBI* မှစုံထောက်များ လှုပ်ရှားကြလေပြီ။ သူတို့သည် ဝါးတားဂိတ်ရှိ လူဝင်းစကီး နေထိုင်သည့် တိုက်ခန်းမှ ကဗျာဆရာကြီး *Walt Whitman* ရေးသည့် *Leaves of Grass* ကဗျာစာအုပ်ကို သက်သေခံအဖြစ် သိမ်းဆည်းလိုက်သည်။ ထိုစာအုပ်တွင် သမ္မတကြီးကိုယ်တိုင် သူ့လက်ရေးဖြင့် စာတန်းတစ်ခု ရေးကာ လက်မှတ်ရေးထိုးထားသည်။ ထိုစာတန်း သဘောမှာ တစ်ဦးနှင့်တစ်ဦး ကိုယ်လက်နီးနောမှု ဆိုသည်မှာ အဆင့်အတန်း ခွဲခြားနေစရာ မလို ဆိုသည်မျိုး ဖြစ်သည်။ ထို့ပြင် *Martha's Vineyard* တွင် ဟီလာရီနှင့်အတူ ရှိနေသည့် အားလပ်ရက် တစ်ခုတွင် ကလင်တန်ကိုယ်တိုင် လူဝင်းစကီးကို ဝယ်ပေးထားသည့် လက်ဝတ်ရတနာများကိုလည်း သိမ်းလိုက်သည်။ အထူးထောက်လှမ်းရေးမှ ကက်နက် စတားသည် အသက် ၂၄ နှစ်အရွယ် လူဝင်းစကီးကို စုစုပေါင်း စစ်ဆေးမေးမြန်းချိန် ရှစ်နာရီခန့် ကြာသွားသည်။

မီဒီယာကလည်း သမ္မတကြီး ပြောသွားသည့် 'ရာနှင့်ချီ'သော သူများသည် မည်သူတွေ ဖြစ်သနည်း ဆိုသည့်နောက်သို့ သည်းကြီးမည်းကြီး လိုက်ကြတော့သည်။ လူ့ရာပွဲကြီးမှာ ငိုအားထက် ရယ်အားသန်စရာ ဖြစ်သွားခဲ့ရသည်။ အသက် ၄၈ နှစ် အရွယ်ရှိ ဒေါ်လီကီလီ ဘရောင်းနင်းက ကလင်တန်နှင့် အထက်တန်းကျောင်းကတည်းက ဇာတ်လမ်းတွေ ရှိခဲ့ပြီး နောက်ပိုင်း အိမ်ဖြူတော် ရောက်မှ ဇာတ်လမ်းပြီးဆုံးသွားခဲ့ရပါသည်ဟု ဆိုသည်။ လွှတ်တော်အမတ်များ တည်းခိုသည့် ဟိုတယ်တွင် သမ္မတနှင့် သုံးကြိမ်တိုင် အိပ်ဖူးကြောင်း၊ ကလင်တန် ပြည်နယ် အုပ်ချုပ်ရေးမှူး ဘဝတွင် သူ့အား ပေးထားသည့် အိမ်မြေအောက်ခန်း၊ သူငယ်ချင်းများ အိမ်ခန်း၊ အိမ်နီးချင်းများ၏ ခြံနောက်ဘက်တို့တွင် တွေ့မရှောင် ကဲကြပုံများကို ဖွင့်ဟဝန်ခံလာသည်။

နောက်တစ်ဦးမှာ ဆူဆန် မက်ဒေါဂဲလ် ဖြစ်သည်။ သူမသည် *Whitewater* အမှုနှင့် ပတ်သက်ပြီး ၁၈ လတိုင်တိုင် လာရောက်သက်သေခံရန် ငြင်းဆိုနေသူလည်း ဖြစ်သည်။ ဆူဆန်၏ ခင်ပွန်းဖြစ်သူ ဂျင်မ်သည် ဇနီးသည်နှင့်


mgyoe.com

mgyoe.com
SAMPLE BOOK

ကလင်တန်တို့နှစ်ဦး ဖုန်းပြောနေသည်ကို ကြားဖြတ်နားထောင်ခဲ့ပြီး ဖုန်းထဲတွင် ပြောဆိုနေကြသည်က သာမန်ထက်ပိုပြီး အရင်းနှီးလွန်နေသောကြောင့် နောက်ပိုင်းမှ ပြန်ပြီး စစ်မေးကြည့်ရာတွင် ဇာတ်ရှုပ်ခဲ့ကြောင်းကို ဝန်ခံခဲ့သည်ဟု သိရသည်။ ဆူဆန်ကို မီဒီယာက တွေ့ဆုံရာတွင် သူမက -

"ကျွန်မက တောမြို့လေးက မိန်းကလေးတစ်ယောက်ပါ၊ တောင်ပိုင်း ဘက်ပတစ် ဘာသာဝင်တစ်ယောက်လည်း ဖြစ်ပါတယ်၊ ကျွန်မ ဒါမျိုးတွေ မလုပ်ပါဘူး"ဟု ပြောသွားသည်။

ရှိလာ လောရင့်စ် ဆိုသူကလည်း သမ္မတ ကလင်တန်နှင့် ဇာတ်လမ်းများကို ဖွင့်ဟဝန်ခံခဲ့သည်။ ရှိလာသည် သန်းကြွယ်သူဌေးကြီး လောရင့်စ် ဟူ၏ဇနီးဖြစ်ပြီး အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဆွစ်ဇာလန်နိုင်ငံတွင် အမှုထမ်းခဲ့ဖူးသည်။ ခင်ပွန်းသည် မျက်ကွယ်တွင် ထင်တိုင်း သောင်းကျန်းခဲ့သည့် အကျိုးမှာ လောရင့်စ် ကွယ်လွန်သွားသည့်အခါတွင် ဇနီးသည်၏ ကောင်းမှုကြောင့် ကြွင်းကျန်ခဲ့သည့် ရုပ်အလောင်းကို နာမည်ကျော် အာလင်တန် နိုင်ငံတော်သင်္ချိုင်းတွင် မြှုပ်နှံသဂြိုဟ်ခွင့် ရသွားသည်။ ထိုသင်္ချိုင်းသည် ဂျွန်အက်ဖ် ကနေဒီကို မြှုပ်နှံထားသည့် သင်္ချိုင်းလည်း ဖြစ်သည်၊ နောက်ပိုင်းတွင် လောရင့်စ်သည် စစ်မှုထမ်းသက်ကို လိမ်လည်ထားကြောင်း ဖော်ထုတ်တွေ့ရှိရသဖြင့် အလောင်းကို သင်္ချိုင်းမှ ဖယ်ရှားခြင်းခံလိုက်ရသည်။

နိုက်ကလပ် အဆိုကျော် ဂျနီဖာ ဖလားဝါးစ်ကလည်း ထိတ်လန့်စွာဖြင့် *CNN* နှင့် တွေ့ဆုံပြီး ကလင်တန်နှင့် ဖြစ်ခဲ့သမျှ ဇာတ်ကြောင်းကို လှန်ပြခဲ့သည်။ တီဗွီတွင် လူသိထင်ရှား ပုဂ္ဂိုလ်ကျော်များ အခန်းမှ လယ်ရီကင်းနှင့် အင်တာဗျူးကြရာတွင် -

"ဒီလူဟာ အခွင့်အရေးသမားပါ၊ အခွင့်အရေးကို မရ ရအောင် ယူတတ်ပါတယ်၊ အခွင့်အရေးရမယ် ဆိုရင် ကိုယ့်မိန်းမကို ဘေးနားမှာ ထားပြီးတော့လည်း ရအောင် ယူမှာပဲ"ဟု ပက်ပက်စက်စက် ဝေဖန်သွားသည်။ ဖလားဝါးစ်သည် ကလင်တန်နှင့် ကိုယ်ဝန် ရခဲ့ပြီး ကလေး ပျက်ကျသွားသည်ဟု ဆိုသည်။

*Little Rock* မှ *Sally Perdue* ဆိုသူကလည်း ကလင်တန်တစ်ယောက် သူမ အိပ်ခန်းအတွင်း သူမ ဝတ်ဆင်သည့် နက်ကတိုင် အနက်လေးကို ပတ်ကာ ခုန်ပေါက် မြူးတူးခဲ့ပုံများကို ပြန်ပြောင်းပြောပြသွားသည်။ အသက် ၃၃ နှစ်အရွယ် ဘော်ဘီ အန်း ဝီလျံ၏ အသက် ခုနစ်နှစ်အရွယ် သားလေး ဒန်နီ ဆိုသူသည် ကလင်တန်နှင့် တူခြင်းသာ ဖြစ်ပြီး ကလင်တန်နှင့် ရထားသည့် ကလေး မဟုတ်ကြောင်း စစ်ဆေးရာမှ အဖြေပေါ်သွားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ယခင် မစ္စအမေရိက အလှမယ်ဟောင်းနှင့် ပလေးဘွိုင်း မဂ္ဂဇင်း သရုပ်ဆောင် အဲလစ်ဇဘက် ဝပ်ဂရေဆင်သည် နောက်ပိုင်း *TV* အစီအစဉ်များတွင် အတော်လေး ရေပန်းစားလာခဲ့သည်။ ပေါ်လာ ဂျုံးစ်သည် ရုံးတော်သို့ အစစ်ဆေးခံရန်အတွက် ဆင့်စာရောက်လာသည့်အချိန်တွင် ရှောင်ထွက်သွားခဲ့သူလည်း ဖြစ်သည်။ နောက်ပိုင်းတွင် အဲလစ်ဇဘက်ကလည်း သူမ အသက် ၂၁ အရွယ်တွင် ကလင်တန်နှင့် ဆက်ဆံဖူးကြောင်း၊ သို့သော် နှစ်ဦးသဘောတူ ဆက်ဆံသည့် ဖြစ်ရိုးဖြစ်စဉ်သဘောမျှသာ ဖြစ်ကြောင်း ဝန်ခံသွားသည်။

ကလင်တန်သည် တီဗွီဖန်သားပြင်ပေါ်တွင် အကြိမ်ကြိမ် ပေါ်လာပြီး လူစိတ်ဝင်စားစရာ ဖြစ်လာသည်။ သူက သတင်းသမားများကို လက်ညှိုးလေး လှုပ်ယမ်းပြပြီး "ကျွန်တော် မစ္စလူဝင်းစကီးနဲ့ မဆက်ဆံဖူးပါဘူး"ဟု ပြောကြားသွားသည်။

နောက်ပိုင်း လေသံတွေ ပြောင်းလာသည်။ "စိတ်လှုပ်ရှားပြီး နီးစပ်ခဲ့ပါသည်"ဟု ပြောလာသည်။ ဟီလာရီကလည်း ရုပ်သံအင်တာဗျူးများတွင် ဝင်ရောက်လာပြီး ခင်ပွန်းဖြစ်သူကို သူမအနေဖြင့် ယုံကြည်ကြောင်း၊ သစ္စာရှိသူ ဖြစ်ကြောင်း၊ အတိုက်အခံများ၏ ထိုးနှက်မှုကြောင့် သူမခင်ပွန်းသည် သနားစရာကောင်းလောက်အောင် အစွပ်စွဲခံနေရခြင်း ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားသွားသည်။

ဟီလာရီ ပြောလည်း ပြောလောက်သည်။ အထူးထောက်လှမ်းရေးအဖွဲ့မှ ကင်န် စတားသည် ရီပတ်ဘလီကန် ဖြစ်သည်။ သူသည် *Whitewater* အမှုအတွက် စုံစမ်းစစ်ဆေးရန် ဒေါ်လာ ၂၅ သန်း သုံးစွဲခဲ့သည်။



မော်နီကာ လူဝင်းစကီး


mgyoe.com

mgyoe.com SAMPLE BOOK

အမှုအခင်း ဖြစ်ပွားနေစဉ်အတွင်း ကလင်တန်သည် ပြည်နယ်တစ်ခုပြီး တစ်ခု လှည့်လည်ကာ ဟောပြောပွဲများ လုပ်ရသည်။ သူ မဟုတ်တာ လုပ်ခဲ့သမျှကို လူထုအတွင်း မျက်နှာပြပြီး စည်းရုံးရေးဆင်းနေခြင်း ဖြစ်သည်။ တရားရုံးချုပ်မှ တရားသူကြီးချုပ်သည် ပေါ်လာ ဂျုံးစ်အမှုကို ပယ်ဖျက်လိုက်သည်။ သူမနှင့် ကလင်တန်တို့နှစ်ယောက် ကိစ္စသည် ဟိုတယ်ထဲတွင် အမှန်တကယ် ဖြစ်ပွားခဲ့သည် ဆိုစေ ကလင်တန်ကို တရားစွဲဆိုနိုင်လောက်သည့်အမှု မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုဟိုတယ်ခန်းထဲတွင် ဖြစ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်ပြီး သူမတွင် ထိခိုက်ပျက်စီးသွားသည့် တစ်စုံတစ်ရာကို သူမအနေဖြင့် ကလင်တန် လုပ်သောကြောင့် ဆိုသည့်အနေဖြင့် သက်သေမပြနိုင်သောကြောင့် ဟူ၍ ဆုံးဖြတ်လိုက်သည်။ အမှန်တကယ်လည်း သူမသည် အမှုကိစ္စ ပြီးသွားသည့်အခါတွင် ရာထူးတိုးသွားသည့် အထောက်အထားကလည်း ရှိနေသည်။ ပြီးတော့ နောက်ထပ် လက်ထပ်ရန်အတွက် စိတ်ခံစားမှုများ ပျက်ပြားနေပါသည်ဟု ပြောရလောက်အောင် သူမတွင် တစ်စုံတစ်ရာမျှ သက်သေပြစရာ မရှိပေ။

ကင်န် စတားကလည်း ကလင်တန်သည် အမှုတွင် ကျမ်းကျိန်ပြီး လိမ်လည်ထွက်ဆိုခဲ့သဖြင့် မုသားသက်သေခံမှု *(perjury)* အနေဖြင့် အပြစ်ရှိကြောင်း ထပ်မံလျှောက်လဲသည်။ လူဝင်းစကီးကို မမှန်မကန် ထွက်ဆိုရန်အတွက် ဖိအားပေးခဲ့သည် ဆိုလျှင် မမှန်သက်သေ ထွက်ခိုင်းမှုဖြင့်လည်း အပြစ်ရှိမည်။ လူဝင်းစကီးကို သူမ နေထိုင်ရာ တိုက်ခန်းမှ တံစိုးလက်ဆောင် ပေးပြီး ပြောင်းရွှေ့ခိုင်းသည် ဆိုလျှင် တရားမျှတမှုကို နှောင့်ယှက်ပိတ်ဆို့ရာ ရောက်သည် စသည့် လျှောက်လဲချက်များဖြင့် တရားရုံးချုပ်ကို ပြန်လည်စဉ်းစားစေခဲ့သည်။ သမ္မတတစ်ဦး အနေဖြင့် ကလင်တန်သည် အမေရိကန်နိုင်ငံ၏ အမြင့်ဆုံး တရားရေးအရာရှိ ဟူ၍လည်း ဆိုနိုင်သည်။ သို့ဖြစ်ရာ အရေးယူရန်၊ စွဲချက်တင်ရန်၊ အပြစ်ပေးရန် အတော်လေး စဉ်းစားဆုံးဖြတ်ကြရသည်။

ကင်န် စတားသည် လူဝင်းစကီးနှင့် အပြန်အလှန် အပေးအယူ လုပ်ထားသည်။ အကယ်၍ သူမ အနေဖြင့် ဂျူရီအဖွဲ့သို့ ဖြစ်ပျက်သမျှ လျှောက်ထားရမည် ဆိုလျှင် မခြွင်းမချန် လျှောက်ထားရန်နှင့် အပြန်အလှန်အားဖြင့် ထိုသို့ လျှောက်ထားခြင်းကြောင့် အပြစ်ပေး အရေးယူခြင်း မရှိစေရ ဆိုသည့် သဘောတူညီမှုများ ရယူထားကြသည်။ အကယ်၍ သက်သေခံ လျှောက်လဲမှုကို မပြုလုပ်ဘူး ဆိုလျှင် မုသားသက်သေ ထွက်ဆိုမှုဖြင့် သူမ ထွက်ဆိုခဲ့သမျှသည် ပေါ်လာ ဂျုံးစ် အမှုကဲ့သို့ အလကား ဖြစ်သွားရပေလိမ့်မည်။ သူမအမှုကို ရုံးတင်သည့်



mgyoe.com

mgyoe.com SAMPLE BOOK

အခါတွင် ကလင်တန်ကို သက်သေအဖြစ် ခေါ်နိုင်သည်။ သူ့ကို မရှောင်နိုင်မတိမ်းနိုင် ဖြစ်အောင် တုတ်နှောင်နိုင်ရမည်။

လူဝင်းစကီးအနေဖြင့် ရွေးချယ်စရာ အခြားမရှိ။ ကင်န် စတား ပြောသည့်အတိုင်း လိုက်လုပ်ရုံသာ ရှိတော့သည်။ သူမသည် ဂျူရီအဖွဲ့ကို ကလင်တန်နှင့် ဖြစ်ပျက်ခဲ့သမျှ တစ်တစ်ခွခွ ပြန်လည် အစီရင်ခံပြရသည်။ သူ့ရှေ့တွင် ကချေသည်ကဲ့သို့ ကပြပေးရမှုများ၊ ခိုင်းစေသမျှ လုပ်ပေးခဲ့ရမှုများ အားလုံးကို မကြားဝံ့မနာသာ ဖော်ထုတ်ပြောပြရှာသည်။

နောက်ဆုံး ဝှက်ဖဲကို ယခု တစ်ကြိမ်တွင် ထုတ်သုံးလာကြပြီဖြစ်သည်။ သူမ သိမ်းထားသည့် ကလင်တန်၏ သုက်သွေးများ ပေကျံနေပါသည် ဆိုသောဝတ်စုံဖြစ်သည်။ သူတို့က ဤဝတ်စုံတွင် ပေသည့် သုက်သွေးများသည် ကလင်တန်၏ သုက်သွေး ဟုတ်မဟုတ် *DNA* ဖြင့် စစ်ဆေးပေးပါရန် တောင်းဆိုလာကြသည်။

သမ္မတ ကလင်တန်ကလည်း ဂျူရီအဖွဲ့ထံ လျှောက်လဲ ထွက်ဆိုချက်ပေးရန် သဘောတူလိုက်သည်။ သို့သော် လူကိုယ်တိုင် တရားရုံးသို့ လာခြင်းမဟုတ်ပေ။ *CCTV* မှတစ်ဆင့် အိမ်ဖြူတော်မှ ထွက်ဆို လျှောက်လဲချက်ပေးခြင်းဖြစ်သည်။ ယခုတစ်ကြိမ် ထွက်ဆိုရာတွင် သူတို့နှစ်ဦး 'မလျော်ကန်သည့် ဆက်ဆံမှုမျိုး' ရှိကြောင်း ပြောင်းလဲထွက်ဆိုပြီး ဝန်ခံသွားသည်။ ထို့ပြင် ကျမ်းသစ္စာကျိန်ဆိုပြီး လိမ်လည် ထွက်ဆိုခဲ့မိကြောင်းကိုလည်း ဝန်ခံသွားသည်။

ကလင်တန်သည် ဆက်လက်ပြီး ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများသို့ သူသည် လိမ်လည်လှည့်စား ပြောကြားခဲ့မိကြောင်း ဝန်ခံပြောသွားသည်။ ထိုသို့ ပြောဆိုခဲ့မိသည့်အတွက် သူ့မိသားစုအား ခွင့်လွှတ်ပေးပါရန် တောင်းပန်သွားသည်။ မီဒီယာနှင့် သတင်းစာများကလည်း လူဝင်းစကီးနှင့် လိင်ဆက်ဆံ ဖောက်ပြန်လွန်ကျူးခဲ့ကြောင်း ဝန်ခံပါရန် ဖိအားပေးသော်လည်း သမ္မတ ကလင်တန်သည် ပြောင်ပြောင်တင်းတင်း ဝန်ခံပြောဆိုခြင်း မပြုခဲ့ပေ။ အကယ်၍ သူသည် လူဝင်းစကီးနှင့် လိင်ဆက်ဆံခဲ့ပါသည်ဟု ဝန်ခံလိုက်ပါက ဂျူရီကို လိမ်လည်ရာမြောက်သွားမည်ဖြစ်သည်။ ယခုအမှုတွင်သာမက ပေါ်လာ ဂျုံးစ်အမှုအတွက်ပါ ထိုလိမ်လည်မှုက သက်ရောက်သွားလိမ့်မည်။ ပြီးတော့ ဂျူရီများကို လိမ်လည်မှုသည် အမေရိကန်ပြည်သူများကိုပါ လိမ်လည်သကဲ့သို့ ဖြစ်သွားလိမ့်မည်။ နောက်ထပ် ရွေးကောက်ပွဲအတွက် လူကြိုက်လည်း နည်းသွားလိမ့်မည်။

ကလင်တန် ဂျူရီအဖွဲ့ထံ ပေးခဲ့သည့် လျှောက်လဲချက် အားလုံးသည် ပြင်ပသို့ ပေါက်ကြားသွားသည်။ အောက်လွှတ်တော်မှ ကင်န် စတား၏ အစီရင်


mgyoe.com

mgyoe.com SAMPLE BOOK

ခံစာများကို ပုံနှိပ်ထုတ်ဝေလိုက်သည့်အပြင် အင်တာနက်သို့ပါ တင်လိုက်သည်။ ကလင်တန်၏ ရုံးတော်သို့ ရုပ်မြင်သံကြားဖြင့် လျှောက်လဲချက် ပေးခြင်းကိုပါ လွှင့်ထုတ်လိုက်သည်။ ရီပတ်ဘလီကန်တို့ ဦးတည်ထားသည်က ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ဒီမိုကရက်တို့ အထိနာသွားစေရန် ဖြစ်သည်။

ရီပတ်ဘလီကန်တို့ လုပ်ဆောင်မှုသည် မကောင်းဘက်သို့ ပြောင်းသွားရသည်။ အောက်လွှတ်တော်ထဲတွင် ယခင်က ကလင်တန်နှင့် ပတ်သက်ပြီး ထောက်ခံအားနည်းနေရာမှ ရီပတ်ဘလီကန်တို့ ဖွင့်ထုတ်ချက်ကြောင့် ကလင်တန်ကို ထောက်ခံမှုတွေ များသွားခဲ့ရသည်။ အောက်လွှတ်တော်ကလည်း ကလင်တန်သည် သံသယအကျိုးကို ခံစားခွင့် ရှိသည်ဟု လေသံတွေ ထွက်လာသည်။

*National Enquirer* ၏ အလိုအရ သံသယအကျိုးကို ဟီလာရီသာမက ကလင်တန်ပါ နောင်ကြဉ်လောက်အောင် ခံစားလိုက်ရပြီဖြစ်ကြောင်း ဝေဖန်ပြောဆိုကြသည်။ *The Star* ကလည်း စေတနာတွေ ပိုပြီး ဘော်ဘီ အန်းဝီလျံ၏ သားနှင့် ကလင်တန်တို့ကို *DNA* ချင်း တိုက်ပြီး စစ်ဆေးရာတွင် ကလင်တန်၏သား မဟုတ်ကြောင်း ကင်နီ စတား ကော်မတီ၏ အစီရင်ခံစာကို ရှာဖွေ ဖော်ထုတ်ကာ ပေးကြသည်။

ဤသို့ဖြင့် အထီးကျန်ပြီး ယောင်လည်လည် ဖြစ်နေရှာသည့် ကလင်တန်၏ ကံဇာတာသည် ပြန်လည်နိုးထလာခဲ့ရသည်။ ရီပတ်ဘလီကန်တို့ မျှော်လင့်သည့်အတိုင်း သမ္မတကို အပုပ်နံ့လှိုင်ပြီး ချောက်ထဲ ထိုးကျသွားစေရန် မလုပ်ဆောင်နိုင်သည် သာမက ငယ်ငယ်ချောချောလေးများနှင့် သဘောတော် တွေ့တတ်သည့် သမ္မတကို နောက်တစ်ကြိမ် ပြန်ပြီး ရွေးကောက်တင်မြှောက်စေနိုင်ခဲ့ပေသည်။

*Ref; Zippergate by Nigel Cawthorne*


mgyoe.com

mgyoe.com

SAMPLE BOOK

# သမ္မတနှင့် သမ္မတကတော်များ
# အရှုပ်တော်ပုံ

mgyoe.com

mgyoe.com SAMPLE BOOK



JG

mgyoe.com

mgyoe.com SAMPLE BOOK

## သမ္မတနှင့် သမ္မတကတော်များ အရှုပ်တော်ပုံ


သူတို့နိုင်ငံ အရှုပ်တော်ပုံများသည် သတင်းနှင့်မီဒီယာများကို လှုပ်ရှားစေရုံသာမက ရောင်းအကောင်းဆုံး စာရင်းဝင်တွေ ဖြစ်သွားစေသည်။ အမေရိကန်သမ္မတသမိုင်းတွင် သမ္မတတို့၏ လိင်အရှုပ်တော်ပုံသည် ကလင်တန် လက်ထက်တွင် အစပြုခဲ့သည် မဟုတ်ပေ။ အစောပိုင်း သမ္မတများ လက်ထက်တွင်လည်း လိင် အရှုပ်တော်ပုံများ အနည်းနှင့်အများ ဆိုသလို ရှိခဲ့သည်သာ ဖြစ်သည်။ ဖုံးတန်ဖုံး ဖိတန်ဖိသည့် ကြားမှ ဟုတ်လို့ကျော်၊ ပုပ်လို့ပေါ် ဆိုသကဲ့သို့ ဖြစ်ခဲ့ရသည့် အမှုပေါင်း များစွာလည်း ရှိခဲ့သည်။

အမေရိကန်နိုင်ငံ၏ ပထမဆုံး သမ္မတကြီး ဂျော့ ဝါရှင်တန်လက်ထက်တွင်လည်း 'အဝတ်လျှော်သမလေး ကိတ်အမှု' ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံ့ဖခင်ကြီး ဂျော့ ဝါရှင်တန်သည် လွတ်လပ်ရေးအတွက် ဗြိတိန်တို့နှင့် တိုက်ပွဲဝင်နေချိန်တွင် သူ့အား အထက်လွှတ်တော်အမတ်တစ်ဦးက လူရှာပေးသည့် အလုပ်ကို လုပ်ပေးခဲ့ရသည်။ ရှေ့တန်းစစ်မျက်နှာပြင်မှ ဂျော့ ဝါရှင်တန်တစ်ယောက် ပြန်လာချိန်တွင် မေတ္တာတွေ မျှဝေပြီး နှစ်သိမ့်မှု ပေးနိုင်စေရန် ထိုလွှတ်တော်အမတ်က စီစဉ်ပေးရသည်။ ထိုလွှတ်တော်အမတ်၏ လက်ရွေးစင် စာရင်းဝင် အမျိုးသမီးငယ်လေးများ စာရင်းတွင် ကိတ်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ကိတ်သည် အဝတ်လျှော်သူ တစ်ဦးတော့ မဟုတ်။ အဝတ်လျှော်သူ တစ်ဦး၏ သမီးသာ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK



ဂျော့ ဝါရှင်တန်

ဤဇာတ်လမ်းကို *Boston Weekly News-Letter* သတင်းစာတွင် စတင်ဖော်ပြခဲ့သည်။ ထိုသတင်းကိုပင် လန်ဒန်ထုတ် *Gentleman's Magazine* က ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ရာ ဘရော့ဝေး ပြဇာတ်လောကအထိ ထိုဇာတ်လမ်းက ပေါက်သွားသည်။ ဝါရှင်တန်သည်လည်း ခေသူမဟုတ်။ မိန်းမလိုက်စားသည့်ဘက်တွင်အတော်လေး နာမည်ထွက်ခဲ့သူဖြစ်သည်။ သူ့ပထမအချစ်ဦးသည် အင်ဒီယန်းမလေးတစ်ဦးဖြစ်သည်။ ထို့နောက် သူ့အခင်ဆုံးမိတ်ဆွေတစ်ဦး၏ ဇနီးနှင့်လည်း မကင်းမရှင်းဖြစ်ခဲ့သေးသည်။ အမေရိကန် လွတ်မြောက်ရေးစစ်ပွဲကာလအတွင်းကလည်း တည်းခိုခဲ့သည့် အိမ်တိုင်းတွင် မိန်းကလေးတွေရှိခဲ့လျှင် သူ့လက်ချက်က သိပ်မလွတ်ချင်။

ထိုသတင်းသည် ရန်သူတပ်အတွက် ဝါဒဖြန့် အသုံးချစရာ ဖြစ်သွားသည်။ ကောလာဟလတွေကလည်း ပျံ့သွားသည်။ ဝါရှင်တန်တစ်ယောက် အဖြူရော အမည်းပါ မရှောင် ဇာတ်လမ်းတွေက နှောင်ဖွဲ့လာသည်။ သူ့တွင် တရားဝင်သားသမီး မရှိ။ သို့သော် သူ့ရုံးမှ ဝန်ထမ်းနှစ်ဦးသည် သူ၏ တရားမဝင် သားသမီးများ ဖြစ်နေကြောင်း သတင်းတွေက ထွက်လာသည်။ ဇနီးဖြစ်သူ မာသာနှင့် သားသမီး မထွန်းကားသဖြင့် အကယ်၍ မာသာ ကွယ်လွန်သွားလျှင် မိသားစုဘဝတစ်ခုကို အသစ်ပြန်လည်ထူထောင်ရန် ဆန္ဒရှိသူလည်း ဖြစ်သည်။

ဝါရှင်တန်သည် သမ္မတရာထူးကို လက်ခံချိန်တွင် မိန်းမရှုပ်ချင်သည့် အလေ့ကို မစွန့်လွှတ်ချင်။ ပထမဦးဆုံး သမ္မတကြီးတစ်ဦးက ဖီလာဒဲဖီးယားမြို့တော်ဝန်ဟောင်း၏ ဇနီးဖြစ်သူထံ ပေးသည့် ရည်းစားစာများသည် ၁၉ ရာစု၏ ကမ္ဘာကျော်စာများ ဖြစ်လာခဲ့ရသည်။ သမိုင်းပညာရှင် တွိုင်းဘီး၏ အလိုအရ ဝါရှင်တန်သည် မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရသည့် လူမည်းမလေးတစ်ဦးနှင့် ကျေးကျွန်များ နေထိုင်သည့် တဲအတွင်း မီးဖိုမရှိ စောင်မရှိ အတူနေမိလိုက်သဖြင့် အအေးမိ အဆုတ်ရောင်ကာ ကွယ်လွန်ရသည် ဆိုထားသည်။

❑




mgyoe.com

mgyoe.com SAMPLE BOOK

သောမတ် ဂျက်ဖာဆင်သည် အမေရိကန်နိုင်ငံ၏ တတိယမြောက် သမ္မတကြီး ဖြစ်သလို ဆယ်လီ ဟဲမင်း ဆိုသည့် ကျေးကျွန်မိသားစုဝင် မိန်းကလေးတစ်ဦးနှင့် ငြိစွန်း ပတ်သက်ခဲ့ဖူးသည်။ သို့သော် သမိုင်းပညာရှင်များက ထိုဇာတ်လမ်းကို ဖုံးကွယ်ထားခဲ့ကြသဖြင့် ဖြစ်ရပ်မှန်ကို သိသူ အတော်လေး နည်းသည်။ ထိုခေတ် မီဒီယာကလည်း ယခုခေတ်ကဲ့သို့ အားမကောင်းသေးသဖြင့် ထိုသတင်းသည် အရသာ တွေ့လောက်သည့်သတင်း ဖြစ်မသွားခဲ့ရပေ။

ယောက္ခမဖြစ်သူ ကွယ်လွန်သွားချိန်တွင် ဂျက်ဖာဆင်သည် ကျေးကျွန်များကို အမွေရလိုက်သည်။ ထိုကျေးကျွန်များထဲတွင် ဆယ်လီ ဟေးမင်းလည်း တစ်ဦးအပါအဝင် ဖြစ်သည်။ တောင်ပိုင်းသားများသည် လူကြီးလူကောင်းဆန်သည့် သဘောဖြင့် ထိုခေတ်က ကျေးကျွန်တို့ကို အပြိုင် လွတ်လပ်ခွင့်ပေးကြသည်။ သူ့ယောက္ခမကြီးကလည်း ကျွန်တွေကို လွတ်လပ်ခွင့် ပေးခဲ့သည်။ သို့သော် ဆယ်လီ ဟေးမင်းတို့က တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို သံယောဇဉ်များစွာဖြင့် ဂျက်ဖာဆင်တို့ နောက်သို့ ပါလာခဲ့သည်။

ဂျက်ဖာဆင်၏ ဇနီးဖြစ်သူ ကွယ်လွန်သည့်အခါ သူ့ကို ပြင်သစ်သို့ ပို့လိုက်ကြသည်။ ပြင်သစ်တွင်လည်း မာရီယာ ကော့စ်ဝေး ဆိုသည့် ပန်းချီဆရာမ တစ်ဦးနှင့် ဇာတ်လမ်းတွေ ရှုပ်ပြန်သည်။ နောက်ပိုင်း လက်ထပ်ထားသည့်မိန်းမ အတော်များများနှင့် ဇာတ်လမ်းတွေ အတော်လေး ဖြစ်ခဲ့သည်။ ဂျက်ဖာဆင်၏ သမီးဖြစ်သူ မေရီသည် ပြင်သစ်သို့ လိုက်လာသည်။ သူမနှင့်အတူ အသက် ၁၄ နှစ်အရွယ် ဆယ်လီ ဆိုသူလေးက အဖော်အဖြစ် လိုက်လာသည်။ ဤတွင် နောက်ထပ် ဇာတ်လမ်းတစ်ခု စတင်ခဲ့ပြန်သည်။


သောမတ်စ် ဂျက်ဖာဆင်

ဂျက်ဖာဆင်ကို အမေရိကန်သို့ ပြန်ခေါ်သည့်အခါတွင် ဆယ်လီကို ပြင်သစ်တွင် လွတ်လပ်သည့် မိန်းလေးတစ်ဦးအနေဖြင့် ထားခဲ့ရန် သမီးဖြစ်သူကို တိုက်တွန်းသည်။ သို့သော် ဆယ်လီသည် ဂျက်ဖာဆင်၏ သမီးနှင့်အတူ ကျေးကျွန်အဖြစ် ဗာဂျီးနီးယားသို့ ပြန်လိုက်လာသည်။ ဆယ်လီတွင် ထိုအချိန်က ကိုယ်ဝန်ရှိနေပြီဖြစ်သည်။ နောက်ပိုင်း ဂျက်ဖာဆင်အတွက် ကလေးငါးယောက်တိတိ မွေးဖွားပေးခဲ့သည်။ ဤအကြောင်းသည် လျှို့ဝှက်စရာ


mgyoe.com

mgyoe.com SAMPLE BOOK

ကိစ္စ မဟုတ်ပေ။ ဂျက်ဖာဆင် အိမ်ဖြူတော်သို့ ၁၈၀၁ ခုနှစ်တွင် ပြန်ဝင်ချိန်၌ သူ၏ မိတ်ဆွေဟောင်း စကော့ သတင်းစာဆရာ၊ နိုင်ငံရေးသမား ဂျိမ်းစ် ကလင်ဒါ ဆိုသူက *Richmond Recorder* တွင် သူ့အကြောင်းတွေ ရေးသားထုတ်ဖော်ခဲ့သည်။ ပထမဦးဆုံး ဂျက်ဖာဆင်သည် အိမ်ထောင်ရှိသူများနှင့် မစောင့်ထိန်းတတ်သည့် အကြောင်းတွေကို ဖော်ထုတ်သည်။ သို့သော် ထိုမျှလောက်နှင့် ဂျက်ဖာဆင်ကို ပြိုလဲအောင် မလုပ်နိုင်ပေ။ ကလင်ဒါက သူ့ 'အနက်ရောင် နတ်သမီးလေး' အကြောင်းကို ဖော်ထုတ်ကာ ထိုးနှက်တိုက်ခိုက်ပြန်သည်။ ဗာဂျီးနီးယားတွင် လူမည်းမလေးနှင့် ရထားသည့် ကလေးတစ်သိုက်တစ်မြုံအကြောင်းကိုပါ ထည့်သွင်းဖော်ပြလိုက်သေးသည်။ နောက်ပိုင်း ကလင်ဒါလည်း အရက်သမားဘဝဖြင့် ကုန်းကောက်စရာ မရှိလောက်အောင် မွဲပြာကျကာ ကွယ်လွန်သွားသည်။ ဂျက်ဖာဆင် ကွယ်လွန်သည့်အခါတွင် ဆယ်လီနှင့် သူ့ကလေးများ လုံးဝလွတ်မြောက်သွားကြသည်။

❑



အန်ဒရူး ဂျက်ဆန်

၁၈၂၈ ခုနှစ် ရွေးကောက်ပွဲကာလအတွင်းမှ အန်ဒရူး ဂျက်ဆန်၏ နောက်အိမ်ထောင် ဇာတ်လမ်းက ပေါ်လာခဲ့သည်။ နောက်အိမ်ထောင် ပြုစဉ်ကာလအထိ ပထမဇနီးနှင့် အိမ်ထောင်ရေး ကွာရှင်း ပြတ်စဲမှုက မပြီးဆုံးသေးပေ။ ဂျက်ဆန်သည် ရှေ့နေတစ်ဦးဖြစ်သဖြင့် ထိုကိစ္စကို အစစ်ဆေးခံရမည်ဖြစ်သည်။ သတင်းသမားတွေကလည်း သူ့နောက်သို့ တကောက်ကောက် လိုက်ကြသည်။ သို့သော် ထိုနှစ် ရွေးကောက်ပွဲတွင် သူ အနိုင်ရသွားသည်။ သူ့ပထမဇနီး ရေချယ်သည် သူ အိမ်ဖြူတော်သို့ မတက်မီ ရှက်လွန်းသည့်စိတ်နှင့်ပင် ကွယ်လွန်သွားရှာသည်။

သမ္မတ ဇက်ချရီ တေလာ၏ ဇနီးဖြစ်သူသည်လည်း အိမ်ဖြူတော်သို့ မတက်လိုက်ရမီမှာပင် ကွယ်လွန်သွားရှာသည်။ လပိုင်းအတွင်းမှာပင် တေလာသည် လောင်းအိုင်းလင်းသို့ လူပျိုလှည့်တော့သည်။ ထိုကျွန်းတွင် ဆပ်ပြာကြော်ငြာသည့် နာမည်ကျော် မော်ဒယ်လေး ဂျူလီယာ ဂါဒီနာ ဆိုသူက ရှိနေသည်။ တေလာသည်


mgyoe.com

mgyoe.com SAMPLE BOOK

ဂျူလီယာနှင့် လက်ထပ်ရန်အတွက် သားများနှင့် အတော်လေး တိုက်ပွဲဆင်လိုက်ရသည်။ လက်ထပ်ချိန်တွင် တေလာက ၅၄ နှစ်၊ ဂျူလီယာက ၂၄ နှစ် ဖြစ်သည်။ ပျားရည်ဆမ်းခရီး ထွက်သည့်ကာလအတွင်း သတင်းမီဒီယာက သမ္မတကြီးကို သနားချစ်ခင်စိတ်တွေဝင်ကာ ခက်ခဲကြမ်းတမ်းသည့် အလုပ်များမှ အနားယူကာ ပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်တွေ တောင်းပေးလိုက်ကြသေးသည်။ သမ္မတကြီးလည်း ခေသူ မဟုတ်။ နောက်အိမ်ထောင်နှင့် သားသမီး ခုနစ်ယောက် ထပ်မံရရှိခဲ့သည်။


ဂျိမ်းစ် ဘူခါနန်

လိင်တူ ဆက်ဆံတတ်သည့် သမ္မတတစ်ယောက်လည်း ကောလာဟလတွေ ဖြစ်ခဲ့သေးသည်။ ၁၈၅၀ နှောင်းပိုင်းတွင် ဂျိမ်းစ် ဘူခါနန်သည် သမ္မတအိမ်တော်သို့ ရောက်သည်။ သူနှင့် ဝါရှင်တန်တွင် အခန်းဖော်အဖြစ် နေသူမှာ ဝီလျံ ရူးဖတ်စ် ဒီဗန်ကင်း ဖြစ်သည်။ ဗန်ကင်းသည် သမ္မတ ဖရင်ကလင် ပီရာ့စ် လက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ကင်းကို လူအများက မစ္စ-ဒုသမ္မတ ဟူ၍ နောက်ပြောင်ခေါ်ကြသည်။ အခြား နာမည်ပေါင်း များစွာလည်း ရှိသေးသည်။ မစ္စနန်စီ၊ ဘူခါနန် ကိုယ်ပွား၊ မစ္စဘီ၊ အန်တီ ဖန်စီ ဟူ၍ အမျိုးမျိုး ကွယ်ရာတွင် နောက်ပြောင်ခေါ်ကြသည်။ သူတို့နှစ်ယောက် တွဲလာလျှင် မစ္စတာ ဘူခါနန်နှင့် ဇနီးတို့ ကြွချီလာပါပြီဟု ပြောင်လှောင်လေ့ရှိကြသည်။

ဂျိမ်းစ် ဂါဖီးလ်တွင်လည်း လိင်တူချင်း ပြဿနာတွေ ရှိခဲ့ဖူးသည်။ အမေရိကန်တို့သည် ၁၉ ရာစုလောက်ကပင် လွတ်လပ်စွာ ချစ်ခင်ပိုင်ခွင့်ကို အားပေးအားမြှောက်ပြုခဲ့ကြသည် မဟုတ်ပါလား။ သူ့နိုင်ငံရေးသက်တမ်းသည် နယူးယော့ခ် တိုင်းမ် သတင်းစာကြီးမှ အသက် ၁၈ နှစ်အရွယ် သတင်းထောက်ကလေးနှင့် ဘာဂလိုတိုတို ဖြစ်ပြီးနောက် အတော်လေး အသက်ဆက်လိုက်ရသည်။


ဂျိမ်းစ် ဂါဖီးလ်



mgyoe.com

mgyoe.com
SAMPLE BOOK

၁၈၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် သူသည် နယူးအော်လင်းစ်၌ မိန်းမပျက်လေး တစ်ဦးနှင့် အိပ်ခဲ့သည့် ဇာတ်လမ်းတွေလည်း ပေါ်လာသည်။ သမ္မတအိမ်တော်သို့ သူ ရောက်ပြီး လေးလအကြာတွင် သေနတ်ပစ်ခံရပြီး ကွယ်လွန်သွားခဲ့ရသည်။ မုဆိုးမလေး ဇနီးဖြစ်သူကို သူ့ဂုဏ်သိက္ခာအား ခုခံကာကွယ်ရန်အတွက် ထားရစ်ခဲ့သည်။

၁၈၈၄ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ကလိဗ်လင်းသည် တရားမဝင် ကလေးတစ်ယောက်၏ ဖခင်အဖြစ် ဝန်ခံခိုင်းခဲ့ရဖူးသည်။ သူသည် စစ်မှုထမ်းမိန့်ကို တိမ်းရှောင်နေသူတစ်ဦးလည်း ဖြစ်ပြီး ပြည်တွင်းစစ်တိုက်ပွဲတွင် သူ့ကိုယ်စား စစ်မှုထမ်းပေးရန်အတွက် နိုင်ငံခြားမှ တရားမဝင်လာရောက် နေထိုင်သည့် ပိုလန်နိုင်ငံသားလေး တစ်ယောက်ကို ဒေါ်လာ ၁၅၀ ပေးကာ လူစားထိုးထည့်သူလည်း ဖြစ်သည်။

ကလိဗ်လင်းသည် ရွေးကောက်ပွဲတွင် အနိုင်ရလိုက်သည်။ သူ့ပြိုင်ဘက် ရီပတ်ဘလီကန်ပါတီမှ ဂျိမ်းစ် ဂျီဘလိန်းသည် လာဘ်စားလွန်းသူတစ်ဦး ဖြစ်နေသောကြောင့် ဖြစ်သည်။ အသက် ၄၉ နှစ် အရွယ်ရှိ ကလိဗ်လင်းသည် အသက် ၂၀ အရွယ် မိန်းကလေးတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ သတင်းမီဒီယာက သူတို့ပျားရည်ဆမ်းခရီးတွင်နောက်မှ တကောက်ကောက်လိုက်ကာ သတင်းယူသည်။ မှန်ပြောင်းများနှင့် နောက်ယောင်ခံ လိုက်ကြည့်ကြသည်။ သူတို့ ဘာဖြစ်ကြမည်ကို သတင်းခေါင်းကြီးပိုင်းတွင် ထင်မြင်ချက်တွေ ပလူပျံအောင် ဖော်ပြကြသည်။ မတော်မတရား စော်ကားမော်ကား စွပ်စွဲချက်များ ပါသည့် လက်ကမ်းစာစောင်တွေကလည်း ကလိဗ်လင်း ရွေးကောက်ပွဲကာလတွင် ထွက်ပေါ်လာသည်။ သို့သော် ကလိဗ်လင်းသည် ၁၈၈၅ ခုနှစ်တွင် သူ့ဇနီးချော ငယ်ငယ်လေးနှင့် အိမ်ဖြူတော်သို့ ပြန်ရောက်လာခဲ့သည်။ သူတို့ ကလေးငါးယောက် ရခဲ့သည်။

မှိုင်တွေတွေ နေတတ်သည့် သမ္မတ ဝုဒရိုး ဝီလ်ဆင်သည်လည်း မယားတစ်ယောက်ပြီးတစ်ယောက် ယူခဲ့သူ ဖြစ်သည်။ သူ အမတ်လောင်းအဖြစ် လှုပ်ရှားနေစဉ်ကာလတွင် သူ့ပထမဦးဆုံး ဇနီးဖြစ်သူ ကွယ်လွန်ခဲ့သည်။ သူက မစ္စစ်ဂါ့ ဆိုသည့် ချမ်းသာသည့် မုဆိုးမတစ်ဦးကို အပိုင်ဖမ်းခဲ့သည်။ မစ္စစ်ဂါ့ကို သူ ပထမဦးဆုံး လက်ထပ်ခွင့်တောင်းစဉ်က သူ့မသည် အိပ်ရာပေါ် လဲကျသွားသည်အထိ ဖြစ်ခဲ့ရကြောင်း ကောလာဟလတွေ ထွက်ပေါ်ခဲ့သည်။ သူ့အချစ်စာများသည် *Amoretti* သတင်းစာတွင် ဖော်ပြခြင်း ခံလိုက်ရသည်။ ဝီလ်ဆင်သည် သတင်းမီဒီယာတွင် သကင်းများ ရေးသားဖော်ပြရာ၌ ဆင်ဆင်ခြင်ခြင် ရေးသား ဖော်ပြကြရန်


mgyoe.com

mgyoe.com SAMPLE BOOK
ကန့်သတ်နိုင်ရေး ကြိုးစားခဲ့သည်။ သတင်းမီဒီယာကလည်း တုံ့ပြန်ချက်က ပြင်းသည်။ ဝါရှင်တန်ပို့စ် သတင်းစာကြီးက မစ္စစ်ဂေါ့နှင့် စေ့စပ်ချိန်ကို သတင်းဖော်ပြရာတွင် စာစီအမှားဖြင့် ပြဿနာရှာလိုက်သည်။ သတင်းစာတွင် 'သမ္မတကြီးသည် ညနေခင်းတိုင်းတွင် မစ္စစ်ဂေါ့ထံ ဝင်ရောက် ခွစားလေ့ရှိသည်' ဟူ၍ ဖြစ်သည်။ အမှန်ဖော်ပြရမည်မှာ 'ဝင်ရောက်ခစား' ဟူ၍ ပြောရမည်ကို 'ဝင်ရောက်ခွစား' ဟူ၍ အမှားထည့်ကာ တုံ့ပြန်လိုက်သည်။

အမေရိကန်နိုင်ငံတွင် ပထမဦးဆုံး လူမည်းသမ္မတတစ်ဦး ဖြစ်ရန် အခွင့်အရေး ပေါ်ခဲ့ဖူးသေးသည်။ ဝါရန် ဟာဒင်းသည် အဘိုးက ဂျမေကာလူမျိုး ဖြစ်သည်။ သူ့မိဘမျိုးရိုးနှင့် ပတ်သက်ပြီး ၁၉၂၀ ရွေးကောက်ပွဲတွင် အဓိကပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့ရသည်။ ထိုမျိုးရိုးပြဿနာက သူ့ကို စွပ်စွဲထားသော မိန်းမလိုက်စားသူ ဆိုသည့် အာရုံကို လွှဲပြောင်းသွားစေနိုင်ခဲ့သည်။ သူ့ဇနီးကိုယ်တိုင် ဘဲဥပုံ ရုံးခန်းကြီးအတွင်းရှိ အဝတ်လဲခန်း အတွင်း၌ အမျိုးသမီးငယ်တစ်ဦးနှင့် စုံတွဲလိုက်မိခဲ့သည်။ အိမ်ဖြူတော်သို့ ရောက်ပြီး နှစ်နှစ်ခန့်အကြာတွင် မိန်းမပျက်တွေအိမ်သွားကာ မူးယစ်သောက်စားခဲ့သေးသည်။ သူ့အကြောင်းတွေ မပေါ်စေရန် ဇနီးဖြစ်သူက စာတွေ ဖျောက်ဖျက်ရ၊ မီးရှို့ရ လုပ်ခဲ့ရသည်။ သို့သော် နမ်ဘရစ်တန် ဆိုသူ မိန်းကလေးက အသက်မပြည့်သေးဘဲ သူနှင့်ရသည့် ကလေးကို တရားမဝင် မွေးဖွားပေးခဲ့ရသည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး 'သမ္မတသမီး' ဆိုသည့် စာအုပ်ကို သူမက ရေးသားထုတ်ဝေခဲ့သည်။ အဖွဲ့အစည်းတစ်ခုမှ ထိုစာအုပ်ကို မထုတ်ဝေရန် လိုက်လံပိတ်ပင်ခဲ့သည်။ သို့သော် သတင်းစာဆရာ အိပ်ချ်လယ်လ် မင်းချန်း ဆိုသူက *Baltimore Sun* သတင်းစာတွင် တိုက်ပွဲဝင်မှုကြောင့် ထုတ်ဝေခွင့် ပြုခဲ့ရသည်။ သို့သော် ဟာဒင်း၏ အကျင့်ပျက် ခြစားသည့် အုပ်ချုပ်စီမံမှုများကြောင့် နိုင်ငံရေးလောကတွင် အပုပ်နံများ တထောင်းထောင်း ထခဲ့ရသည်။ *Teapot Dome* ဟူ၍ ၁၉၂၃ ခုနှစ်တွင် လူသိများခဲ့ရသည့် အမှုကို လွှတ်တော်တွင် တင်သွင်းကာ ရာစုနှစ်အတွက် အထင်ရှားဆုံး ပြစ်မှုစာရင်းဝင် ဖြစ်သွားရသည်။

၁၉၀၂ ခုနှစ်တွင် သမ္မတ တပ်ဖိသည် ရေနံသိုလှောင်ရေး စီမံကိန်းကြီးသုံးခုကို ရေတပ်အတွက် စီစဉ်ဆောင်ရွက်ခဲ့သည်။ အနာဂတ်တွင် ရေနံနှင့် ပတ်သက်ပြီး ပိတ်ဆို့ဖြတ်တောက်မှုရန်မှ ကာကွယ်တားဆီးနိုင်ရန် ဖြစ်သည်။ ထိုစီမံချက်ကို ဆောင်ရွက်ခွင့် ရသူများထဲတွင် ဝိုင်းမင်း ပြည်နယ်မှ *Teapot Dome* ကုမ္ပဏီလည်း တစ်ခုအပါအဝင် လုပ်ဆောင်ခွင့် ရရှိခဲ့သည်။ ဟာဒင်းသည်


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ဖြူတော်သို့ ရောက်သည်နှင့် ပြည်ထဲရေး ဌာနမှဝန်ကြီး အဲလ်ဘတ် ဖောသည် ရေတပ်ဝန်ကြီး လက်ထဲမှ ရေနံသိုလှောင်ဌာနများကို လွှဲပြောင်းယူလိုက်သည်။ မကြာမီ ရေနံတင်သွင်းခွင့်များကို မသမာသော နည်းများဖြင့် လုပ်ဆောင်လာကြသည်။ နီဗားဒါးပြည်နယ်မှ *Elk Hills* ကုမ္ပဏီသည်လုပ်ပိုင်ခွင့်အတွက် သန်းကြွယ်သူဌေး အက်ဒဝပ် ဒိုနေးထံ သွားပြီး ချဉ်းကပ်သည်။ ဒိုနေးက သူ့သားကို အဲလ်ဘတ် ဖောထံ ဒေါ်လာတစ်သိန်းကို ချေးငွေသဘောမျိုးဖြင့် လာဘ်သွားထိုးသည်။ အကယ်၍ လုပ်ပိုင်ခွင့်ရသွားလျှင် ဒိုနေးသည် ဒေါ်လာ သန်း ၁၀၀ ခန့် အမြတ်အစွန်း ရနိုင်သည့် လုပ်ငန်းကြီး ဖြစ်နေသဖြင့် ထောင်မြင် ရာစွန့်လိုက်ခြင်း ဖြစ်သည်။

*Teapot Dome* ကန်ထရိုက်ရလျှင် ဟင်နရီ စင်ကလဲယားထံ ရောက်သွားမည် ဖြစ်သည်။ စင်ကလဲယားသည် သန်း ၃၀၀ ခန့် ချမ်းသာ ကြွယ်ဝသူဖြစ်သကဲ့သို့ အလွန်ရက်ရောသူလည်း ဖြစ်သည်။ သူသည် နယူး မက္ကဆီကိုတွင် ဖော ဒုက္ခနှင့် ကြုံတွေ့နေရသည့် မွေးမြူရေးခြံကြီးကို အာမခံငွေများ ထုတ်ပေးကာ ကယ်တင်လိုက်သည်။ ထိုကူညီမှုကြောင့် သူ့ကို နွားငါးကောင်နှင့် နွားထီးတစ်ကောင် လက်ဆောင်ပြန်ပေးသည်။ စင်ကလဲယားသည် ၁၉၉၂ ခုနှစ် ဧပြီလတွင် ကန်ထရိုက်ရသည်နှင့် ဒေါ်လာနှစ်သိန်းကျော်တန် လွတ်မြောက်ရေး အာမခံစာချုပ်နှင့် ငွေသား ဒေါ်လာတစ်သိန်း လွှဲပြောင်းပေးခဲ့သည်။ ပြိုင်ဘက်ကုမ္ပဏီများက စင်ကလဲယား ပေးသည့် အတိုင်းလိုက်ပေးရန် ကြိုးစားကြသည်။ သတင်းတွေ ထွက်လာချိန်တွင် ဖောကို အမေရိကန် ရေတပ်သို့ ပို့လိုက်သည်။

လူတွေကလည်း သဘာဝအတိုင်း ပြည်ထဲရေးဝန်ကြီးတစ်ယောက် နေ့ချင်းညချင်း ကြီးပွားလာသည်ကို ပြောစရာဖြစ်အောင် ပြောဆိုဝေဖန်လာကြသည်။ သူ့ဝန်ကြီးလစာက ဒေါ်လာ ၁၂၀၀၀ ခန့်သာ ရသည်။ ဟာဒင်းက ဖော ရပ်တည်နိုင်ရေးအတွက် ကျောထောက်နောက်ခံ အမျိုးမျိုး အာယ်ကြောင့် ပေးထားရသနည်း။ ဟာဒင်းက "အဲလ်ဘတ် ဖောသာ မရိုးသားဘူး ဆိုရင် ကျွန်တော်လည်း အမေရိကန်သမ္မတ ရာထူးနဲ့ မထိုက်တန်ပါဘူး"ဟူ၍ ပြောခဲ့သည်။ ဟာဒင်းသည် ဤသို့ ပြောသာပြောရသည်၊ စိတ်သိပ်မပါမှန်း ဖောက သိသည်။ မကြာမီ ပြည်ထဲရေး ဝန်ကြီးရာထူးမှ ဖော နုတ်ထွက်လိုက်သည်။ သူက မထွက်မီ တတ်နိုင်သမျှသူ တာဝန်ထမ်းဆောင်ပြီးခဲ့ကြောင်း ပြောကြားသွားသေးသည်။ ဟာဒင်းက ဖောကို နိုင်ငံတော် တရားရုံးချုပ်တွင် ခန့်အပ်ရန် ပြောသေးသည်။ သို့သော် ဖောက ငြင်းပယ်လိုက်သည်။ သူ့အနေဖြင့် သူ့ချမ်းသာကြွယ်ဝမှုများကို လွှတ်တော်က နောက်မှ တကောက်ကောက် လိုက်ကာ လိုက်လံစုံစမ်းမည်ကို စိုးရိမ်နေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

အိုဟိုင်းအိုးဂိုဏ်းဟု လူသိများသည့် ဟာဒင်း၏ အခြားသော ရောင်းရင်းဒါဇင်ဝက်ခန့်မှာလည်း စုံစမ်းစစ်ဆေးခြင်း ခံနေရသည်။ ၁၉၂၃ ခုနှစ် ဇွန်လတွင် သမ္မတဟာဒင်းသည် အမေရိကတိုက်တစ်ခွင် ခရီးစဉ်တစ်ခု လှည့်လည်သည်။ ဆန်ဖရန်စစ္စကို အရောက်တွင် မသန့်ရှင်းသည့် ပင်လယ်ကဏန်းသားများ စားမိပြီး တောင်းပဲလေ့စ် ဟော်တယ်ရှိ သူ့ဇနီးလက်ပေါ်တွင် ကွယ်လွန်သွားခဲ့သည်။ နောက်ပိုင်း ကောလာဟလတွေ ထွက်ပေါ်လာသည်က သူ့ကို နိုင်ငံရေးအရ စွဲချက်တင်ကာ စုံစမ်းစစ်ဆေးခြင်း ခံရမည်ကို စိုးရိမ်သဖြင့် သူ့ဇနီးကိုယ်တိုင် အဆိပ်ခတ်သတ်လိုက်သည်ဟု ပြောဆိုကြသည်။

❑


ဖရင်ကလင် ရုစဗဲ့

ဖရင်ကလင် ရုစဗဲ့သည် အမေရိကန်သမ္မတသမိုင်းတွင် ချောက်ကမ်းပါးပေါ် အလျှောက်ရဆုံး ဖြစ်မည်ထင်သည်။ သူ့ကို ပျို့တိုင်းကြိုက်သည့် နှင်းဆီခိုင် ဟူ၍ ခေါ်လေ့ရှိကြသည်။ ပထမကမ္ဘာစစ်အတွင်းက ရေတပ်ဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်စဉ် သူ့ဇနီး၏ အတွင်းရေးမှူးမလေးကို မြူဆွယ်ဖြားယောင်းခဲ့သည်။ ဇနီးဖြစ်သူ အဲလီနာက သိရှိသွားသဖြင့် တုတ်နှင့် ရိုက်သတ်မည်ဟု ခြိမ်းခြောက်သောကြောင့် သူ့အကြံကို လက်လျှော့လိုက်ရသည်။ သို့သော် နောက်ပိုင်းတွင် ဇနီးမသိအောင် ထိုမိန်းကလေးနှင့် တောက်လျှောက်တွဲနေခဲ့သည်။

ရုစဗဲ့သည် ဇနီးဖြစ်သူကို ကြောက်ချင်ယောင်ဆောင်ပြီး ကွယ်ရာတွင် ချစ်စခန်းဖွင့်သည့် ကိစ္စပေါင်းများစွာ ရှိခဲ့သည်။ အဲလီနာကလည်း အားကျမခံ အချစ်သစ်ကို ရှာပြလိုက်သည့်အခါတွင် ရုစဗဲ့တစ်ယောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ၁၉၃၂ ခုနှစ်ရွေးကောက်ပွဲသည် သူ့အတွက် သဲထဲရေသွန်သလို ဖြစ်သွားနိုင်သည်။ သူ့ဇနီးနှင့်တွဲရန် ပြင်ဆင်နေသည့်သူကို သူ့ကောင်မလေးများ ထဲမှ တစ်ယောက်အား ဖြားယောင်းသွေးဆောင်ခိုင်းပြီး ထိုးကျွေးလိုက်သည်။ အိမ်ထောင်ရေး ပြိုကွဲခြင်းကြောင့် နိုင်ငံရေးအရပါ ပြိုလဲသွားနိုင်သည်ကို စိုးရိမ်သဖြင့် ရုစဗဲ့ ကိုယ်ရှိန်သတ်လိုက်ရသည်။


mgyoe.com

mgyoe.com
SAMPLE BOOK



အီလီနာ ရုစဗဲ့

အိမ်ဖြူတော်သို့ ရုစဗဲ့ ဝင်လာချိန်တွင် အီလီနာသည် မိန်းမချင်း စိတ်ဝင်စားသည့်သူ ဖြစ်သွားသည်။ သတင်းမီဒီယာက အီလီနာ၏ ထူးဆန်းသည့် အပြုအမူများကို ရေးသားလာကြသည်။ သူ တွဲနေသည့်အပေါင်းအဖော်များ၊ ဆေးပြင်းလိပ်သောက်ခြင်း၊ ဝိစကီနှင့် ပလုပ်ကျင်းလေ့ရှိသည့် အေပီ သတင်းထောက် လိုရီနာ ဟစ်ကော့နှင့် အတွဲအနေ များလာခြင်း တို့သည် ထုတ်ဖော် ရေးသားစရာများ ဖြစ်လာသည်။ အမေရိကန်တွင် စီးပွားပျက်ကပ်နှင့် ကြုံရပြီးနောက် စစ်ပွဲနှင့် ကြုံတွေ့ရချိန်တွင် ရုစဗဲ့ကို အမေရိကန်တွေက ကယ်တင်ရှင်ကြီး တစ်ဦးအသွင် မြင်လာကြသည်။ သတင်းမီဒီယာကလည်း ရုစဗဲ့၏ လိင်ကိစ္စ အရှုပ်တော်ပုံများကို နှုတ်ဆိတ်နေလိုက်ကြသည်။ မပြောရဲလည်း မဖြစ်၊ သမ္မတကြီး ကိုယ်တိုင်က ပိုလီယိုအကြောဆွဲ ဝေဒနာ ခံစားရပြီး ဘီးတပ်လှည်းကလေးဖြင့် သွားလာနေရသောကြောင့်ဖြစ်သည်။


ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်နိုင်ငံ အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် သမ္မတနှင့်ဇနီးမှာ အိမ်ဖြူတော်တွင် စိတ်မသက်မသာဖြင့် နေထိုင်ကြရ ရှာသည်။ အီလီနာက သူ့အခန်းတစ်ခန်းဖြင့် သတ်သတ်နေထိုင်သည်။ သူနှင့်အတူ နေထိုင်သူက မိန်းမချင်း အချစ်တော်တစ်ယောက်ဖြစ်နေသည်။ ရုစဗဲ့က သူ့ဇနီးအပြုအမူတွေကို မနှစ်သက်သော်လည်း မပြောသာသည့် အနေအထား ဖြစ်နေသည်။

ရုစဗဲ့၏ အိမ်ဖြူတော်စံကာလတွင် အခြားအရှုပ်တော်ပုံတစ်ခု ပေါ်ပေါက်ခဲ့သေးသည်။ ဝန်ကြီးတစ်ဦးဖြစ်သူ ဆမ်နာ ဝဲလက်စ်ကို ရုစဗဲ့က ဟစ်တလာ၊ မူဆိုလိုနီ၊ ချာချီတို့နှင့် တွေ့ဆုံရန် သံတမန်အဖြစ် စေလွှတ်လိုက်သည်။ ဝဲလက်စ်သည် ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို သူနှင့်အိပ်ရန် အတင်းတောင်းဆိုမှုပြုသဖြင့် ပြဿနာပေါ်ခဲ့ရသည်။ ရုစဗဲ့က ထိုသတင်းကို လိုက်ပိတ်သည်။ သို့သော် အက်ဖ်ဘီအိုင် အကြီးအကဲ ဂျေ အက်ဂါ ဟူးဗား သိရှိသွားပြီး ဝဲလက်စ်ကို အိမ်ဖြူတော်မှ ကန်ထုတ်လိုက်သည်။

ရုစဗဲ့သည် ဂျော်ဂျီယာပြည်နယ်အတွင်းရှိ သူတို့ စွန့်ခွာခဲ့သည့် အိမ်တွင် အီလီနာလက်အတွင်း၌ ကွယ်လွန်သွားရှာသည်။ အလောင်း မြေမချနိုင်မီမှာပင် အီလီနာ ရုစဗဲ့ကို သူ့ဂုဏ်သိက္ခာများနှင့်အတူ ထားခဲ့ကာ ထွက်ခွာသွားခဲ့ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK



အိုင်စင်ဟောင်ဝါး

သမ္မတ အိုင်စင်ဟောင်ဝါး၏ စစ်အတွင်းကာလ ဇာတ်လမ်းလေးကလည်း စိတ်ဝင်စားစရာ ဖြစ်သည်။ သူ၏ အမျိုးသမီးကားမောင်းသူ ကေ ဆမ်းမားစ်ဘီးနှင့် ဇာတ်လမ်းတွေကို သတင်းသမားတွေက စိတ်ဝင်စားခဲ့ကြသည်။ စစ်အတွင်း ဗြိတိန်နှင့် မြောက်အမေရိက ခရီးစဉ်များတွင် အိုင်စင်ဟောင်ဝါးနှင့် ကေတို့နှစ်ယောက် ဓာတ်ပုံတွေ တွဲရိုက်ခဲ့ကြသည်။ အမေရိကန်နိုင်ငံသို့ ပြန်ရောက်ပြီး နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်သည့်အခါတွင် အိုင်စင်ဟောင်းဝါးသည် သူမကို စွန့်ခွာလိုက်ရတော့သည်။

ကေက ထိုအကြောင်းကို ၁၉၄၈ ခုနှစ်ထုတ် *Eisenhower Was My Boss* စာအုပ်တွင် အရိပ်အမြွက် ရေးသားဖော်ထုတ်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အိမ်ဖြူတော်သို့ ရောက်သည့်အခါတွင် ကေက ထိုအကြောင်းများကို *Look* မဂ္ဂဇင်းသို့ ဖွင့်ချခဲ့သေးသည်။ ထိုအကြောင်းသည် ရွေးကောက်ပွဲကာလအတွင်း အတော်လေး လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။ သို့သော် သူမကိုယ်တိုင် ရေးသည့် ၁၉၇၂ ခုနှစ် ထုတ် *'Past Forgetting: My Love Affair With Dwight D. Eisenhower'* စာအုပ်တွင် သူမနှင့် အိုင်စင်ဟောင်ဝါတို့ မည်သို့ ပတ်သက်ခဲ့ကြောင်း အသေးစိတ် ဖွင့်ချထားခဲ့သည်။

❑

ဂျွန် အက်ဖ် ကနေဒီ၏ ပြောမဆုံးပေါင် တောသုံးထောင် လိုင်ကိစ္စတွေကလည်း များလှသည်။ သူလည်း ချောက်ကမ်းပါးပေါ် လျှောက်လှမ်းနေရသူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ကနေဒီသည် အမေရိကန်ရေတပ် စုံစမ်းစစ်ဆေးရေးဌာနမှ ကန့်ထုတ်ခြင်း ခံလိုက်ရသည်။ အက်ဖ်ဘီအိုင်က ကနေဒီကို ဟိုတယ်အခန်းတစ်ခန်းအတွင်း ဒိန်းမတ် အလှဘုရင်မလေး အင်းဂရစ် အားဗတ်နှင့် ဖမ်းမိလိုက်သောကြောင့် ဖြစ်သည်။ အင်းဂရစ်သည် နာဇီ လိုလားသူတစ်ယောက် ဖြစ်ကြောင်း အက်ဂါ ဟူးဗားက ထုတ်ဖော်ခဲ့သည်။ တစ်ချိန်က ဟစ်တလာနှင့်ပင် မကင်းမရှင်း ဖြစ်ခဲ့သေးသည်ဟု ဆိုသည်။ ကနေဒီကို ထိုကိစ္စကြောင့် ပစိဖိတ်သို့ ပြောင်းရွှေ့လိုက်ရာမှ စစ်သူရဲကောင်းတစ်ယောက် ဖြစ်လာခဲ့ရသည်။



mgyoe.com

mgyoe.com SAMPLE BOOK



ဂျွန်အက်ဖ် ကနေဒီ

ကနေဒီသည် သာမန်ထက် လွန်ကဲတတ်သည့် ထူးထူးခြားခြား အလေ့အထရှိသူ ဖြစ်သည်။ ကျူးဘား ဒုံးကျည်ကိစ္စ အရေးအခင်း ကာလတွင် တစ်ကမ္ဘာလုံးက နျူကလီးယားစစ်ပွဲကြီး ဖြစ်တော့မည်လောဟု စိတ်ဝင်တစား ဖြစ်ကာ စောင့်ကြည့်နေခဲ့ရသည်။ ကနေဒီသည် အိမ်ဖြူတော်အတွင်း အစည်းအဝေးခန်းမအတွင်း၌ အရေးတကြီးကိစ္စကို ဆွေးနွေးနေရချိန်ဖြစ်သည်။ ထိုအချိန်တွင် အတွင်းရေးမှူးမလှလှလေး တစ်ယောက် အခန်းအတွင်းသို့ ဝင်လာသည်။ ကနေဒီသည် သူ့ကာကွယ်ရေးဝန်ကြီး ရောဘတ် မက်နာမာရာဘက်သို့ လှည့်ပြီး ''ဘော့၊ အဲဒီ ကောင်မလေး နာမည်နဲ့ ဖုန်းနံပါတ် ပြောစမ်းပါ၊ တို့ ဒီည စစ်ပွဲက ခဏ ရှောင်ကြရအောင်''ဟု ပြောခဲ့သည်။

ရုစဗဲ့ကဲ့သို့ပင် ကနေဒီကိုလည်း သတင်းမီဒီယာက ဖေးဖေးမမ ဖုံးကွယ်ပေးခဲ့ကြသည်။ အထူးသဖြင့် မာရီလင် မွန်ရိုးနှင့် ရှုပ်ခဲ့သည့်ဇာတ်လမ်းတွေ အပြင်သို့ သိပ်မပေါက်ကြားခဲ့ပေ။ *Newsweek* မှ သတင်းထောက်တစ်ယောက်သည် ၁၉၆၀ ပြည့် ရွေးကောက်ပွဲကာလအတွင်း ကနေဒီ ခြေပုန်းခုတ်ရာနေရာကို ရှာတွေ့ခဲ့ပြီး ရုပ်ရှင်မင်းသမီး အန်ဂျီ ဒစ်ကင်ဆန်နှင့် တစ်အိပ်ရာတည်းအတူ လက်ပူးလက်ကြပ် မိခဲ့ဖူးသည်။ သို့သော် ထိုသတင်းကို ထုတ်ဖော်မှု မပြုခဲ့။

ကနေဒီ၏ အရှုပ်တော်ပုံ ဇာတ်လမ်းပေါင်းများစွာ ရှိသော်လည်း ဖုံးကွယ်ထားမှုတွေက များလှသည်။ ကနေဒီသည် ပထမဦးဆုံး ကက်သလစ်ဘာသာဝင် သမ္မတတစ်ဦး ဖြစ်ပြီး ဂျက်ကီကို လက်ထပ်စဉ်က တစ်ခုလပ် ဖြစ်သည်။ သူသည် ဖလော်ရီဒါမှ ခေတ်ဆန်သည့် ဒျူရီ မယ်လ်ကွမ် ဆိုသူနှင့် ၁၉၄၇ ခုနှစ်တွင် လက်ထပ်ခဲ့သေးသည်။ လန်ဒန် ရောက်စဉ်က မိန်းမပျက်တချို့နှင့် ပတ်သက်ခဲ့ပြီး ထိုကိစ္စအတွက် အတော်လေး ထိတ်လန့်နေခဲ့သည်။

❑



mgyoe.com

mgyoe.com SAMPLE BOOK

လင်ဒန် ဂျွန်ဆင်သည်လည်း အတော်လေး ဖြောင်ကျကျ မရှောင်လှသူ ဖြစ်သည်။ သူ့ဖောက်ပြန်မှုများနှင့် ပတ်သက်ပြီး သတင်းမီဒီယာသို့ အရှက်ကင်းမဲ့စွာ ထုတ်ဖော်တတ်သူလည်း ဖြစ်သည်။ မည်မျှအထိ ကြွားလုံးထုတ်သနည်း ဆိုသော် သမ္မတအခန်းအတွင်း လူမည်း အမျိုးသမီးများနှင့် တန်းတူညီမျှ လိင်ဆက်ဆံခွင့် ရရေးကို ဥပဒေပြုနိုင်ရန် လက်မှတ်ရေးထိုးခဲ့သည်ဟု ပြောဆိုမှုများ ဖြစ်သည်။ ‘‘ကနေဒီ ကြုံခဲ့တာထက် ကျုပ်က ပိုပါတယ်’’ဟူ၍လည်း အဆမတန် ပြောဆိုခဲ့သည်အထိ ကြွားခဲ့သူ ဖြစ်သည်။

ဂျွန်ဆင်သည် ဝါရှင်တန်တွင် အမတ်အဖြစ် လုပ်ဆောင်နေစဉ်က အက်ဖ်ဘီအိုင် အကြီးအကဲ ဂျေအက်ဂါ ဟူးဗားနှင့် အခန်းချင်းကပ်လျက် နေထိုင်ရသူ ဖြစ်သည်။ သို့ဖြစ်ရာ အက်ဖ်ဘီအိုင်ထံမှ အိပ်ရာဝင်ပုံပြင်ဖိုင်များကို ငှားဖတ်ခွင့် ရခဲ့သူလည်း ဖြစ်သည်။ ထိုအချိန်ကတည်းက ဂျွန် အက်ဖ် ကနေဒီ၏ စစ်ကာလ အတွင်း အင်ဂရစ် အားဗတ်နှင့် ရှုပ်ခဲ့သမျှ ဇာတ်လမ်းအားလုံးကို သူ သိနေသည်။

ဂျွန်ဆင်သည် ဒီမိုကရက်တို့၏ သမ္မတလောင်းစာရင်း တင်သွင်းခြင်းမှ လက်လွှတ်ခံလိုက်ရပြီးနောက် ၁၉၆၀ ပြည့်နှစ် လော့စ်အိန်ဂျလိစ် ပါတီညီလာခံတွင် ကနေဒီသို့ လွှဲပြောင်းပေးလိုက်ရသည်။ သူ့ကို လုပ်ဖော်ကိုင်ဖက် တစ်ဦးအနေဖြင့် စာရင်းပင် မသွင်းသည့်အတွက် ကနေဒီကို အတော်လေး နာကျည်းသွားသည်။ ဂျွန်ဆင်သည် ကနေဒီနှင့် သွားတွေ့ပြီး နောက်ကြောင်းမရှင်းမှုများကို ပြောဆို ခြိမ်းခြောက်ခဲ့ရုံမျှမက ဂျူးလူမျိုးတို့ထံမှ မဲမရစေရ ဆိုသည်အထိ ပြောဆိုခဲ့သည်။ ဤသို့ဖြင့် ကနေဒီသည် သူ့ကို အရှုံးပေးကာ ‘‘လင်ဒန်၊ ကျွန်တော် ခုဆိုရင် ၄၃ နှစ်ရှိပြီ၊ ကျွန်တော် အိမ်ဖြူတော်မှာတော့ အသေမခံနိုင်ဘူး၊ ဒုတိယသမ္မတ ဆိုတာကလည်း သိပ်အရေးပါလှတယ်လို့ မဟုတ်ပါဘူး’’ဟု ပြောဆိုလိုက်သည်။ ဂျွန်ဆင်က ‘‘ကျုပ် အမြဲတမ်း အထက်ကိုပဲ မျှော်တတ်တယ်၊ သမ္မတ လေးယောက်မှာ တစ်ယောက်လောက် အိမ်ဖြူတော်မှာပဲ သေကြရတာ၊ ကျုပ်က လောင်းကစားသမား ဆိုတော့ ဒါ ကျုပ်အတွက် တစ်ခုတည်းသော အခွင့်အရေးလို့ပဲ မြင်တယ်’’ ဟု ပြန်ပြောခဲ့သည်။



လင်ဒန် ဂျွန်ဆင်

လက်လွှတ်စပယ် ပြောဆိုနေထိုင်တတ်သည့်အကျင့် မဖျောက်နိုင်သည့် ဂျွန်ဆင်



mgyoe.com

mgyoe.com SAMPLE BOOK

သည် တက္ကဆက်တွင် နောက်အိမ်ထောင် ထပ်ပြုသည်။ သမ္မတရုံးခန်းအတွင်း၌လည်း ဝါရှင်တန်စတားမှ အမျိုးသမီးသတင်းထောက်တစ်ဦးနှင့် ချစ်ခန်းတွေ ဖွင့်လိုက်သေးသည်။

ဂျွန်ဆင် အရာကျချိန်တွင် ကနေဒီ၏ ညီဖြစ်သူ ရောဘတ် ကနေဒီကို သမ္မတအရာတင်မြှောက်ရန် လျာထားကြသည်။ သူ လော့စ်အိန်ဂျလိစ်တွင် သမ္မတရွေးကောက်ပွဲအတွက် အကြိုစည်းရုံးရေး ဆင်းနေစဉ် သေနတ်အပစ်ခံလိုက်ရသေးသည်။ ရောဘတ် ကနေဒီသည် သူ့အစ်ကိုဖြစ်သူနှင့် ဇာတ်လမ်းပြီးဆုံးသွားခဲ့သည့် မာရီလင်မွန်ရိုးနှင့် ဖြစ်ခဲ့သမျှဇာတ်ကြောင်းများကို ပြန်ပြောင်းဖွင့်ထုတ်ပြောဆိုခဲ့သည်။

ကနေဒီမိသားစု၏ အရှုပ်တော်ပုံသည် ပြောမဆုံးပေါင် တောသုံးထောင်လောက် ဖြစ်ခဲ့ရသည်။ ဂျိုး ကနေဒီ လက်ထက်ကတည်းက တရားမဝင် အရက်ရောင်းချခဲ့သူများ ဖြစ်ကြသည်။ ဂျွန်အက်ဖ် ကနေဒီနှင့် ရောဘတ် ကနေဒီတို့ ကွယ်လွန်သည့်အခါတွင် အက်ဒဝပ် ကနေဒီသည် သမ္မတအဖြစ် အရွေးချယ်ခံရန် ဝင်လာသည်။ သို့သော် သူလည်း ၁၉၆၉ ခုနှစ်တွင် ကျဆုံးသွားခဲ့ရသည်။

၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ညတွင် ချက်ပါကွစ်ဒစ်ကျွန်းပါတီပွဲမှ အပြန် မက်ဆာချူးဆက်ကမ်းခြေမှ အထွက်တွင် မေရီ ဂျိုး ကိုပက်ချ်နီဆိုသူ ပါတီတွင်းအတူလုပ်ရှားသူ အမျိုးသမီးငယ်လေးနှင့်အတူ ကားမောင်းလာစဉ် ကျဉ်းမြောင်းသည့် တံတားမှ ကားသည် ရေထဲသို့ ထိုးကျသွားသည်။ အက်ဒဝပ်သည် ကားထဲမှ ထွက်လာနိုင်သော်လည်း မေရီတစ်ယောက်ကတော့ ကားနှင့်အတူ ရေထဲသို့ ပါသွားသည်။ သူက အကြိမ်ပေါင်းများစွာ ရေဆင်းငုပ်ပြီး မေရီကို ကယ်တင်ရန် ကြိုးစားသော်လည်း ရေလှိုင်းတွေက တဝေါဝေါ တက်လာသဖြင့် ကယ်ဆယ်ရန် မဖြစ်နိုင်တော့ဟု ဆိုသည်။

သူသည် တံတားနှင့် ကိုက် ၂၀၀ သာ ကွာသည့်အိမ်သို့ မပြန်ဘဲ ပါတီပွဲသို့ ပြန်လာသည်။ အခြားပါတီပွဲ တက်ရောက်နေသူများကို တစ်ဦးမှ မပြောဘဲ သူငယ်ချင်းနှစ်ဦး ဖြစ်သည့် ဂျိုး ဂါဂင်နှင့် ပေါလ် မာခန်းတို့ကို ခေါ်ပြီး တံတားဆီသို့ ပြန်လာသည်။ သူတို့သည် ရေထဲသို့ ကျသွားသည့် ကားဆီသို့ ရေငုပ်ပြီး ဆင်းနိုင်ရန် ကြိုးစားကြသော်လည်း အချည်းနှီးသာ ဖြစ်သည်။

ဂါဂင်နှင့် မာခန်းတို့နှစ်ဦး ပါတီပွဲသို့ ပြန်လာချိန်တွင် ကနေဒီသည် ကျွန်းမကြီးဆီသို့ ကူးသွားသည်။ သူတို့က ကနေဒီသည် အကူအညီ သွားခေါ်သည်ဟု ထင်ထားကြသည်။ သို့သော် ကနေဒီသည် တည်းခိုသည့် ဟိုတယ်သို့ ပြန်လာပြီး အဝတ်အစားများ လဲလှယ်ခဲ့သည်။ နောက်တစ်နေ့တွင် နာရီနှိုးစက်


mgyoe.com

mgyoe.com
SAMPLE BOOK
ပေးပြီး အိပ်သော်လည်း မနိုးဟု ဆိုသည်။ ကော်ဖီတစ်ခွက် သောက်ပြီး ဧည့်သည်များနှင့် စကားပြောဆိုနေစဉ် ဂါဂင်နှင့် မာခန်းတို့ ရောက်လာပြီး သူတို့ သုံးယောက် ကျွန်းဘက်သို့ ပြန်လာခဲ့ကြသည်။

ထိုအချိန်တွင် တံတားအနီးရှိ အိမ်ငှားတစ်ဦးက ရဲများကို လှမ်းအကြောင်းကြားလိုက်သည်။ အက်ဂါတောင်းရဲတပ်ဖွဲ့မှ စခန်းမှူး ဂျင် အရီးနား ရောက်လာသည်။ ရေထဲကျနေသည့် ကားကိုကြည့်ပြီး အကူအညီ လှမ်းခေါ်လိုက်သည်။ ရဲတပ်ဖွဲ့မှ ရေငုပ်သမား ဂျွန် ဖာရာသည် ၂၅ မိနစ်လောက်ကြာမှ ရောက်လာသည်။ သူတို့ ကားနောက်ခန်းအတွင်းမှ မေရီဂျိုး၏ အလောင်းကို တွေ့လိုက်ရသည်။ သူမတွင် ဘာမျှ ထိခိုက်ဒဏ်ရာ ရထားခြင်း မရှိပေ။ ဖာရာ၏ ယူဆချက်အရ ကားသည် ရေထဲ မနစ်မီ တစ်နာရီလောက်က ကြိုတင်ပြီး လေအိတ်များ ပွင့်နေပုံရသည်ဟု ထွက်ဆိုထားသည်။ ဤသို့ဆိုလျှင် အက်ဒဝပ် ကနေဒီ ရိုးမှရိုးပါ၏လော။ ဖာရာကမူ မေရီ ဂျိုး အနေဖြင့် မသေသင့်ဘဲ သေရသည်ဟု ဆိုသည်။

ကနေဒီနှင့် သူ့သူငယ်ချင်းနှစ်ယောက် ချက်ပါကွစ်ဒစ်ကျွန်းသို့ ပြန်ရောက်လာချိန်တွင် ကားကို ရှာတွေ့ပြီ ဆိုသည့် သတင်းများကို ကြားလိုက်ရသည်။ သူတို့က ကူးတို့သင်္ဘောကို အက်ဂါတောင်းသို့ နောက်ကြောင်းပြန်လှည့်စေသည်။ ကနေဒီသည် ရဲစခန်းသို့ တိုက်ရိုက်သွားပြီး အဖြစ်အပျက်ကို ထိုအချိန်မှ အစီရင်ခံတင်ပြသည်။ စခန်းမှူး အရီးနားသည် ရေထဲမှကားသည် ကနေဒီ အမည်ဖြင့် မှတ်ပုံတင်ထားသည့်ကား ဖြစ်ကြောင်း သိရှိပြီး ဖြစ်နေသည်။ အရီးနားကလည်း ကနေဒီကို ရှာနေခြင်း ဖြစ်သည်။

ကနေဒီက အစောပိုင်းတွင် ရဲစခန်းသို့ အကြောင်းမကြားရခြင်းမှာ သူလည်း မူးမေ့ချင်သလိုလို ဖြစ်နေသောကြောင့်ဟု အကြောင်းပြသည်။ တရားရုံးတွင် အခင်းဖြစ်သည့်နေရာကို စွန့်ခွာသွားခြင်း၊ သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းမကြားခြင်းများအတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။ နောက်ပိုင်းတွင် သူက မျှော်လင့်ချက် မရှိသည့် အနေအထားသို့ ရောက်သွားသဖြင့် အပြစ် အားလုံး သူ့ပခုံးပေါ်တွင် ပုံကျတော့မည်ကို ကြောက်ရွံ့ပြီး ယခုကဲ့သို့ နှောင့်နှေးသွားခဲ့ရခြင်း ဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။

ချက်ပါကွစ်ဒစ်ကျွန်းသည် နိုင်ငံရေးအရ ကနေဒီ၏ သမ္မတရာထူး မျှော်လင့်ချက်ကို အဆုံးသတ်ပေးလိုက်သည့် နေရာတစ်နေရာ ဖြစ်သွားစေခဲ့သည်။ ကံကြမ္မာ အလှည့်အပြောင်းဟု ဆိုရမည်လားမသိ။ ထင်ရာစွတ်လုပ်တတ်ပြီး သမ္မတ


mgyoe.com

mgyoe.com
SAMPLE BOOK

လောင်းစာရင်း လျှာထားခြင်း မခံရသေးသည့် နာမည်မရသေးသော ဂျင်မီ ကာတာ ဆိုသူသည် ၁၉၈၀ ပြည့်နှစ်တွင် သူကိုယ်စား ရှေ့တန်းသို့ ရောက်လာခဲ့ရသည်။

ဝါရှင်တွင် ကနေဒီ၏ မိန်းမလိုက်စားသည့် ပြဿနာက ပြောမဆုံး လောက်အောင် ဖြစ်သွားရသည်။ သူသည် တစ်ချိန်က စားသောက်ဆိုင်တစ်ဆိုင်မှ စားပွဲထိုးမလေး တစ်ဦးနှင့်လည်း ဘာလိုလို ဖြစ်ခဲ့သေးသည်။ အိပ်ရာခင်း အရွယ် အစား ပမာဏလောက် ရှိသည့် သူ့ပုံကြီးကို ပုံနှိပ်ပြီး ဈေးကွက်တွင် ရောင်းချခဲ့ ကြသေးသည်။ ထင်ရာစိုင်း လုပ်တတ်သည့် သူ့စရိုက်သည် တူဖြစ်သူ ဝီလျံ ကနေဒီ စမစ် လက်ထက်တွင် ပြန်ပေါ်လာသည်။ ကောင်မလေး တစ်ယောက်ကို မုဒိမ်းသွားကျင့်ရာမှ သူ့ဦးလေး တက် ကနေဒီက မူးနေသောကြောင့် ဖြစ်ရခြင်း ဟု အကြောင်းပြကာ ကယ်ထုတ်ထားရသည်။

❑

ရွှန်ဆင်ကို အနိုင်ရသွားသည့် ရစ်ချတ် နစ်ဆင်သည် နိုင်ငံရေးခြစားမှုတစ်ခုဖြစ်သည့် ဝါးတားဂိတ် အရှုပ်တော်ပုံတွင် နစ်နေရသဖြင့် သူ့လိင်ကိစ္စ အရှုပ်တော်ပုံများကို လူသိနည်းခဲ့ရသည်။ သို့သော် သူ့မဟာရန်သူကြီးဖြစ်သည့် အက်ဖ်ဘီအိုင်မှ ဂျွန် အက်ဂါ ဟူးဗားကတော့ သူ့အကြောင်းကို အပ်ကျနေသည်အထိ သိထားသည်။ နစ်ဆင်သည် သမ္မတ မဖြစ်မီက ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့နှင့် ရုပ်ရှင်တစ်ကား ရိုက်ဖူးသည်။ ထိုကားမှာ ဟောင်ကောင်မှ တရုတ်မလေးတစ်ယောက်နှင့် လိင် ဆက်ဆံခန်း ဖြစ်သည်။ ဟောင်ကောင်မလေးက သူ့ကို ကွန်မြူနစ်အေးဂျင့် တစ်ယောက်ဟု ထင်မှတ်နေခဲ့သည်။ ထိုပုံများသည် ဟူးဗားလက်ထဲသို့ရောက်လာ သည်။ ဤအချက်ကပင် နစ်ဆင်သည် ဟူးဗား ကို တစ်သက်လုံး မလှန်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ သို့သော် ဟူးဗားကို သူကိုယ် တိုင် အလုပ်ဖြုတ်နိုင်ရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ဖူးသည်။ နစ်ဆင်နှင့် ရုပ်ရှင်တွဲရိုက် ခဲ့ဖူးသည့် တရုတ်မလေးသည် နစ်ဆင် သမ္မတ ရာထူး လက်ခံချိန်တွင် အမေရိကန်နိုင်ငံသို့ ရောက်လာသည်။ ကယ်လီဖိုးနီးယားတွင် နေ ထိုင်ခဲ့သည်။ သူမအိမ်နှင့် နစ်ဆင်၏ အိမ်မှာ သိပ်မဝေးလှပေ။



ရစ်ချတ် နစ်ဆင်


mgyoe.com

mgyoe.com
SAMPLE BOOK

သမ္မတ ဂျင်မီ ကာတာ လက်ထက်တွင် လိင်ကိစ္စ အရှုပ်တော်ပုံကို သိပ်မတွေ့ရပေ။ ၁၉၇၆ ခုနှစ် ရွေးကောက်ပွဲအတွက် မဲရွေးပွဲတွင် ကာတာက ပလေးဘွိုင်းမဂ္ဂဇင်းသို့ "မိန်းမတွေကို တဏှာစိတ်နဲ့တော့ ကြည့်မိပါတယ်၊ စိတ်နဲ့ ပြစ်မှားဖူးတာတော့ အကြိမ်ကြိမ်ပဲ"ဟု ပြောဆိုခဲ့သည်။ ဘီလ် ကလင်တန်ကတော့ လက်တွေ့ရော စိတ်ကူးပါ သူ့ထက် အများကြီးသာသည်ဟု ဆိုနိုင်သည်။

ရော်နယ် ရီဂင်သည်လည်း ရုပ်ရှင်မင်းသားဘဝတွင် တာဝန်မဲ့ခဲ့သူဟု ဆိုနိုင်သည်။ ကိုယ်ဝန်ရှိနေသည့် လက်ရှိမယား ဖြစ်သူ နန်စီကို လက်ထပ်ယူရန် စီစဉ်လိုက်ချိန်တွင် သူ့ရင်ထဲ၌ အသက် ၁၉ နှစ်အရွယ် စလင်း ဝေါတာ ဆိုသူ ရှိနေခဲ့သည်။ သူတို့ နှစ်ယောက် ဟောလီးဝုဒ် နိုက်ကလပ်တွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။


ရော်နယ် ရီဂင်

၁၉၈၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဂျော့ ဘုရှ်သည်လည်း ဂျနီဖာ ဖစ်ဂျရဲလ်နှင့် ဘာလိုလို ဖြစ်ခဲ့သေးသည်။ ဂျနီဖာသည် ဒု-သမ္မတ၏ လက်ထောက် အတွင်းရေးမှူးမလေး ဖြစ်သည်။ အမေရိကန်သံအမတ်ကြီး လူးဝစ် ဖီးစ်က ၁၉၈၄ ခုနှစ် ခရီးစဉ်တစ်ခုတွင် ဘုရှ်နှင့် ဂျနီဖာတို့အတွက် အခန်းတစ်ခန်း စီစဉ်ပေးခဲ့ရကြောင်း ထုတ်ဖော်ခဲ့သည်။

*Ref: All The President's Women (And Men) by Nigel Cawthorne*



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

# ခရစ္စတင်း ကီးလား အရှုပ်တော်ပုံ

mgyoe.com

mgyoe.com SAMPLE BOOK



ခရစ္စတင်း ကီးလား



mgyoe.com

mgyoe.com SAMPLE BOOK

# ခရစ္စတင်း ကီးလား အရှုပ်တော်ပုံ

ဗြိတိန်နိုင်ငံ ပြည်သူတို့ဘဝအား အလွှမ်းမိုးနိုင်ခဲ့ဆုံး နိုင်ငံရေးအပုပ်နံ့များ တစ်ချိန်က ထွက်ပေါ်ခဲ့ဖူးသည်။ အထူးသဖြင့် ထိုအပုပ်နံ့သည် အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးနှင့် တိုက်ရိုက်ပတ်သက်နေသဖြင့် လူတိုင်း စိတ်ဝင်စားစရာ ဖြစ်သွားခဲ့ရသည်။ တိုင်းနှင့်ပြည်ကျော် ကြား၍မှ မတော်သည့်ဇာတ်လမ်းတွင် ဦးဆောင်ပါဝင်ခဲ့သူက ကာကွယ်ရေးဝန်ကြီး ဂျွန် ပရိုဖူမို ဖြစ်နေသည်။ ရုရှား ရေတပ်စစ်သံမှူး တစ်ဦးနှင့်အတူ ပြည့်တန်ဆာတစ်ဦးအား အတူပေါင်းသင်းမှု၊ ဗြိတိသျှပါလီမန် လွှတ်တော်ကို လိမ်လည်မှုများဖြင့် ရာထူးမှ ထုတ်ပယ်ခံလိုက်ရသည့်ကိစ္စသည် တစ်ချိန်က ဗြိတိန်နိုင်ငံတွင် ဟိုးလေးတကျော် ဖြစ်ခဲ့ရသည်။ ပြဿနာက ပရိုဖူမိုလောက်နှင့် ရပ်မသွားပေ။ ဝန်ကြီးချုပ်ကိုယ်တိုင် ဘဝပျက်သွားရသည်အထိ အကျိုးဆက်က ပြင်းထန်သွားရုံမျှမက နောက်နှစ်တွင် ကွန်ဆာဗေးတစ် အစိုးရလည်း အာဏာစွန့်လွှတ်လိုက်ရသည်အထိ သက်ရောက်မှုများ ဖြစ်ခဲ့ရသည်။

နိုင်ငံရေးနှင့် ဆက်နွှယ်ပတ်သက်လာသည့် အဓိက လက်သည်မှာ ခရစ္စတင်း ကီးလား ဆိုသူဖြစ်သည်။ သူမသည် အသက် ၁၅ နှစ် သမီးအရွယ်တွင် အနာဂတ်ကို မျှော်ပြီး ဝရေးစ်ဘူရီအရပ်၊ ဘတ်ကင်ရှိုင်းယားမြို့မှ လန်ဒန်သို့ ထွက်ပြေးလာခဲ့သူ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြင်းထန်လွန်းသည့်အပြင် ရုပ်ရည်ချောမောလှပသူလည်း ဖြစ်သဖြင့် မကြာမီ ဂရိစားသောက်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးအလုပ်ကို ရရှိခဲ့သည်။ ထို့ပြင် အချိန်ပိုင်းမော်ဒယ်နှင့်



mgyoe.com

mgyoe.com
SAMPLE BOOK



ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျွန် ပရိုဖူမို

အထက်ပိုင်းဗလာအကမယ်အလုပ်များကိုလည်း ဆိုဟိုနယ်ရှိ မော်ရေး၏ ကက်ဘာရေး ကလပ်တွင် တစ်ပတ် ၈.၅၀ ပေါင်ဖြင့် ဝင်လုပ်သေးသည်။ ထိုကလပ်တွင် သူမ သည် ကိုယ်ဟန်ပြမယ် မန်ဒီရိုက်စ် ဒေဗီစ်နှင့် တွေ့သည်။ ဒေဗီစ်သည် အသက် ၁၇ နှစ် ရှိပြီး ချောမောလှပသူ ဖြစ်သည်။ ဒေဗီစ်က ကီးလားကို သူမမိတ်ဆွေ စတီဖင် ဝဒ်နှင့် မိတ်ဆက်ပေးသည်။

ဝဒ်သည် ပိန်ပိန်ပါးပါးနှင့် အသက် ၄၀ ကျော် လူချောတစ်ယောက် ဖြစ်သည်။ သူသည် အစွမ်းအစရှိသည့် ပန်းချီဆရာတစ်ဦး ဖြစ်သော်လည်း အရိုး အကြော ပြုပြင်ကိုင်တွယ် ကုသပေးသည့် အလုပ်ဖြင့် အသက်မွေးနေသူဖြစ်သည်။ သူ့ဖောက်သည်များထဲတွင် အစိုးရ အဆင့်မြင့် လူကြီးလူကောင်းများစွာ ပါဝင်သည်။ ထိုသူများထဲတွင် လော့ဒ် အက်စ်တာ ဆိုသူလည်း ပါသည်။ လော့ဒ် အက်စ်တာ သည် သူပိုင် ကလိုက်ဗ်ဒန်အိမ်ရာအတွင်းရှိ တစ်ထပ်တိုက်လေးတစ်လုံးကို အလွန် သက်သာသည့် နှုန်းထားဖြစ်သော တစ်နှစ် တစ်ပေါင်နှုန်းဖြင့် ဝဒ်ကို ငှားထားသည်။ ဝဒ်၏ အနှိပ်ခန်းအတွင်း ထင်ရှားသည့် အခြားသော ဖောက်သည်များတွင် ဒေးလီး တယ်လီဂရပ် သတင်းစာတိုက်ကြီးမှ အယ်ဒီတာ ဆာကိုလင်း ကူတီလည်း ပါ သည်။ ကူတီသည် *MI 5* ၏ ထိပ်တန်းခေါင်းဆောင်ပိုင်းနှင့် ဆက်စပ်နေသူ ဖြစ်သည်။ နောက်တစ်ဦးမှာ ဆာ ရော်ဂျာ ဟိုးလိစ် ဖြစ်သည်။ ဟိုးလိစ်သည်


mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပိုင်းတွင် ပီတာ ရိုက် ဆိုသည့်အမည် ခံယူထားသည်။ သူသည် ကင်းဘရစ်စပိုင်လောကတွင် ပဋ္ဌမမြောက် အရေးပါသူတစ်ဦးလည်း ဖြစ်သည်။

ဝဒ်သည် လူအထင်ကြီးလေးစားမှုကို အလွန်ခံချင်သူတစ်ဦး ဖြစ်သည်။ သူသည် မူးယစ်ဆေး သုံးစွဲသလို မိန်းမလှလေးများနှင့်လည်း ထည်လဲတွဲတတ်သည်။ အထူးသဖြင့် ပြည့်တန်ဆာမိန်းကလေးများနှင့် ဖြစ်သည်။ ခရစ္စတင်း ကီးလားနှင့် မန်ဒီရိုက်စ် ဒေဗီစ်တို့လည်း ဝဒ်နှင့် အပေါင်းအသင်းဖြစ်ကာ လန်ဒန်၊ ဝိုင်းပိုးလ်မြို့အရပ်ရှိ သူ့အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုမှတစ်ဆင့် ကလိုက်ဗ်ဒန်အရပ်ရှိ အထူးအနိုပ်ခန်းသို့ တစ်ပတ်တစ်ကြိမ် သွားရောက်ပြီး လူကြီးလူကောင်းများကို ဧည့်ခံရသည်။

၁၉၆၁ ခုနှစ် ဇွန်လတွင် ဂါးရစ်စံအိမ်တော်ကြီး၌ နေ့လယ်စာ တည်ခင်းသည်။ ထိုပွဲတွင် ဆာကူတီသည် ဝဒ်ကို ဆိုဗီယက် ရေတပ်သံမှူး ယက်ဂီနီ အိုင်ဗန်နော့နှင့် မိတ်ဆက်ပေးသည်။ *MI 5* သည် အိုင်ဗန်နော့ကို သူလျှို ကိုယ့်ဘက်သားအဖြစ် စည်းရုံးထားခဲ့သည်။ သူတို့က ယခုအပတ်တွင် ကျင်းပမည့် ဝဒ်၏ အနှိပ်ခန်းပါတီပွဲလေးတွင် အလှမယ်လေးများဖြင့် အိုင်ဗန်ကို မိတ်ဆက်ပေးစေလိုသည်။ ဗြိတိန်တို့က ရုရှားမှ စွန့်ခွာလာသည့် အဆင့်မြင့်အရာရှိကြီးများကို ဤနည်းဖြင့်လည်း ချီးမြှင့်လေ့ရှိသည်။ အထူးသဖြင့် *MI 5* သည် အိုင်ဗန်နော့ကို ကီးလားဖြင့် ထောင်ချောက်ဆင်စေ့ချင်သည်။

ဝဒ်သည် အိုင်ဗန်နော့ကို ကလိုက်ဗ်ဒန်သို့ ၁၉၅၁ ခုနှစ် ဇူလိုင် ၉ ရက် တနင်္ဂနွေနေ့တွင် ဖိတ်ကြားလိုက်သည်။ သူက ကီးလားကို တစ်ရက်ကြိုတင်ပြီး ခေါ်ထားသည်။ ထိုနေ့ည ပါတီပွဲကို ကမကထပြုသူမှာ လော့ဒ် အက်စ်တာ ဖြစ်သည်။ ကီးလားသည် ရေကူးချင်သဖြင့် ဝဒ်ထံ ခွင့်တောင်းသည်။ ဝဒ်က ရေကူးကန်အတွင်း ဝတ်လစ်စားလစ်ဖြင့် ကူးနေရန် ပြောသည်။ ကီးလားက ဝဒ်ပြောသည့်အတိုင်း လုပ်သည်။ ဝဒ်က ကီးလားချွတ်ထားသော ရေကူးအဝတ်အစားများကို ခိုးထားလိုက်သည်။

လော့ဒ် အက်စ်တာနှင့် ဂျွန် ပရိုဖူမိုတို့သည် ညစာ စားပြီးချိန်တွင် ပန်းခြံအတွင်းသို့ လမ်းလျှောက်ထွက်လာကြသည်။ ရေကူးကန်အတွင်း မိမွေးတိုင်းဖမွေးတိုင်း ဖြစ်နေသည့် လှပချောမွေ့သည့် အသက် ၁၉ နှစ်အရွယ် မိန်းကလေးတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ခရစ္စတင်း ကီးလားကလည်း သူတို့ရေကန်စပ်သို့ ရောက်လာချိန်တွင် မျက်နှာသုတ်ပဝါ မလုံ့တလုံဖြင့် မလုံ့မခြုံဖြစ်အောင် ဖုံးပြလိုက်ရာမှ လူကြီးမင်းနှစ်ဦးလည်း သတိထားမိသွားကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူကြီးမင်းနှစ်ယောက်သည် အဝတ်အစားမဲ့ မလုံ့တလုံ ဖြစ်နေသော မိန်းကလေးကို စေတနာဖြင့် ဝိုင်းပတ်ကာနေချိန်တွင် ပတ်လည်ရှိ မီးမောင်းကြီးတွေက လင်းခနဲ ပွင့်လာသည်။ ညှော်သည်အပေါင်း ပန်းခြံအတွင်း မျက်စိတွေ ရောက်သွားကြသည်။ ထိုအထဲတွင် ပရိုဖူမို၏ မိန်းမလည်း ပါသည်။ ကီးလားက သူ့ကိုယ်သူ လူကြီးမင်းနှစ်ယောက်နှင့် မိတ်ဆက်လိုက်သည်။ အတွေ့ကို စွဲသွားသည့် ပရိုဖူမိုသည် နောက်ပိုင်းတွင် ကလိုက်ဗ်ဒန်အိမ်တော်၏ အိပ်ခန်းအတွင်းသို့ လမ်းပြရာထူးကို ကီးလားအား ခန့်အပ်လိုက်တော့သည်။

ပရိုဖူမိုသည် အသက် ၄၆ နှစ်အရွယ်တွင် အလားအလာအရှိဆုံး တိုရီနိုင်ငံရေးသမားတစ်ဦးအဖြစ် ထင်ရှားသည်။ သူသည် အောင်မြင်သည့် ဝတ်လုံတော်ရမင်းတစ်ဦး၏သား ဖြစ်သည်။ သူ့နည်းသူ့ဟန်ဖြင့် ချမ်းသာလာသူတစ်ဦး ဖြစ်ပြီး တိုရီနိုင်ငံရေး ဝန်းကျင်တွင် ကြီးပြင်းလာခဲ့သည်။ ဟာရိုးနှင့် အောက်စ်ဖို့ဒ် တက္ကသိုလ်များမှ ဘွဲ့တွေ ရခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အလက်ဇင်းဒါး တပ်တွင် ဒုဗိုလ်မှူးကြီးအဆင့်ဖြင့် အမှုထမ်းခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပါလီမန်သို့ ရောက်လာခဲ့ပြီး အစိုးရအဖွဲ့ဝင်အဖြစ် ၁၉၅၂ ခုနှစ်တွင် စတင် ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်ရာထူးကို ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် သရုပ်ဆောင်မင်းသမီးတစ်ဦး ဖြစ်သူ ဗီလာရီ ဟော့ဘ်ဆန်နှင့် လက်ထပ်ခဲ့သည်။

ခရစ္စတင်းနှင့် ပရိုဖူမိုတို့ တွေ့ပြီး နောက်တစ်ရက်ကျော်တွင် အိုင်ဗန်နော့သည် ကလိုက်ဗ်ဒန်သို့ နောက်တစ်ကြိမ် ပြန်သွားခဲ့သည်။ ဝဒ်က ရေကူးပါတီပွဲလေးတစ်ပွဲ လုပ်ပေးပြီး ခရစ္စတင်း ကီးလားနှင့် အိုင်ဗန်နော့ကို မိတ်ဆက်ပေးလိုက်သည်။ ကီးလားသည် အိုင်ဗန်နော့ကို ချက်ချင်း သဘောတွေ့သွားသည်။



ဂျွန် ပရိုဖူမိုနှင့်
ဇနီး
ဗီလာရီ ဟော့ဘ်ဆန်



mgyoe.com

mgyoe.com
SAMPLE BOOK

*News of the World* မဂ္ဂဇင်းကြီးသို့ သူမ အပြောအတိုင်း ပြန်ပြောရလျှင် ''တကယ့်ယောက်ျားတစ်ယောက်ပဲ၊ ကျားကျားလျားလျားနဲ့ ကျားလို သန်မာ၊ ကြောင်လို ပေါ့ပါး ဆိုတဲ့သူမျိုးလေ'' ဟု ချီးမွမ်းခန်းတွေ ဖွင့်သွားသည်။

သို့သော် မိန်းကလေးတွေကို ယောက်ျားတွေက ပခုံးပေါ်တင်ပြီး ရေကူးကန်ထဲတွင် ကစားရသည့်ပွဲ၌ ခရစ္စတင်းသည် ပရိုဖူမို ပခုံးထက်သို့ အတင်းတွယ်ဖက်တက်ပြီး အိုင်ဗန်နော့ကို အဖက်မျှမလုပ်။ သို့သော် ထိုနေ့ညတွင် အိုင်ဗန်နော့က ခရစ္စတင်းကို ခေါ်သွားသည်။ မသွားမီ ပရိုဖူမိုက ခရစ္စတင်းကို ဖုန်းနံပါတ် မေးလိုက်သည်။ စိတ်လှုပ်ရှားစွာဖြင့် ခရစ္စတင်းသည် သူမကို ဝဒ်မှတစ်ဆင့် ဆက်သွယ်နိုင်ကြောင်း ပြောသွားသည်။

ဝဒ် နေထိုင်သည့် ဝင်းပိုးလ်မြူးတိုက်ခန်းသို့ အရောက်တွင် ခရစ္စတင်းနှင့် အိုင်ဗန်နော့တို့သည် ဗော့ဒကါအရက် တစ်ပုလင်းကို ခွက်မှောက် ခွက်လှန်ဖြိုလိုက်ကြသည်။ ထို့နောက် အိုင်ဗန်နော့က သူမကို နမ်းသည်။

''ဘာဖြစ်မှန်း မသိလိုက်ခင်မှာဘဲ သူ့ရင်ခွင်ထဲ ရောက်သွားတယ်၊ ဝက်ဝံလို အမွေးထူထူလူကြီးရဲ့ ပြုသမျှ နုရတော့တာပဲ၊ တကယ် ချစ်စရာကောင်းတဲ့လူကြီးပါ'' ဟု နောက်ပိုင်းတွင် သူမက ပြန်ပြောင်းပြောပြသည်။

နောက်နှစ်ရက်အကြာတွင် ပရိုဖူမိုသည် ခရစ္စတင်းထံ ဖုန်းဆက်သည်။ တတိယအကြိမ်မြောက် တွေ့ဆုံပြီးမှ သူမကို နမ်းနိုင်ခဲ့သည်။ ခရစ္စတင်းက ''သူ့အနမ်းကို တုံ့ပြန်လိုက်တယ်၊ ချက်ချင်းသဘောကျသွားတယ်''ဟု ပြောသည်။

ပရိုဖူမိုသည် ခရစ္စတင်းကို တွေ့လိုလျှင် ဖုန်းဆက်ပြီး ချိန်းလေ့ရှိသည်။ သူတို့နှစ်ယောက် သိုသိုသိပ်သိပ်ဖြင့် တွေ့ဆုံလေ့ရှိကြသည်။ ခရစ္စတင်းသည် အိုင်ဗန်ကို တွေ့ချင်လျှင် မြို့ပြင်သို့ ချိန်းပြီးမှ တွေ့လေ့ရှိသည်။ ပရိုဖူမိုသည် အရက်ဆိုင်နှင့် စားသောက်ဆိုင်များတွင် ခရစ္စတင်းနှင့် ချိန်းတွေ့ရလောက်အောင် အတင့်မရဲဝံ့သေးပေ။ သူတို့ မကြာမကြာ ကားလျှောက်မောင်းကြသည်။ ဝဒ်အခန်းတွင် အိပ်ကြသည်။ ဝဒ်၏အိမ်တွင် အနီနှင့်အနက် စပ်ထားသည့် မီနီကားလေး ရပ်ထားသည်ကို မကြာမကြာ တွေ့ကြရသည်။ ထိုကားသည် လေဘာပါတီဝန်ကြီးဂျွန် ဟဲထံမှ ပရိုဖူမိုက ငှားစီးနေခြင်း ဖြစ်သည်။ တစ်နေ့ ပရိုဖူမို၏ ဇနီးသည် အိုင်ယာလန်သို့ပြန်စဉ် ပရိုဖူမိုက သူတို့နေထိုင်ရာ ရီးဂျင့်ပန်းခြံအနီးရှိ နက်ရှ်တားရေစ်အိမ်ကြီးသို့ ခရစ္စတင်းကို ခေါ်လာသည်။ သူ ခေါ်လာချိန်က အတော်လေးညဥ့်နက်နေပြီး ဘဏ္ဍာစိုးနှင့် အိမ်စေများ အိပ်နေကြပြီ။ ပရိုဖူမိုသည် ခရစ္စတင်းကို အိပ်ခန်းအတွင်းသို့ တိုက်ရိုက်ခေါ်ဆောင်သွားခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပရိုဖူမိုသည် ခရစ္စတင်းအား အိုင်ဗန်နော့နှင့် အချစ်တွေ မျှဝေနေရသည်ကို စိတ်ဘဝင်မကျတော့။ သူမကို အစွဲကြီး စွဲနေမိပြီဖြစ်သည်။ သို့သော် ခရစ္စတင်းက သူ့လို မဟုတ်။ သူမအတွက်ကတော့ လိင်ကိစ္စ ဆိုသည်မှာ 'လက်ဆွဲ နှုတ်ဆက်သည့်သဘော' လောက်သာ ရှိသည်။ ထိုအချိန်တွင် ပရိုဖူမိုသည် ခရစ္စတင်းကို တန်ဖိုးကြီးသည့် လက်ဆောင်တွေ၊ ငွေတွေ ပုံပေးလာသည့်အပြင် သူမမိခင် မွေးနေ့ကိုပါ လက်ဆောင်တွေ ဝယ်ပေးရသည်အထိ ဖြစ်လာသည်။

တစ်လခန့်အကြာတွင် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ *MI 5* သည် ပရိုဖူမိုနှင့် ခရစ္စတင်းကီးလားတို့ ဇာတ်လမ်းကို သိသွားသည်။ သူတို့ ရည်ရွယ်ထားသည်က အိုင်ဗန်နော့ကို ထောင်ချောက်ဆင်ရန်သာ ဖြစ်သည်။ ဟိုးလိစ်သည် ကက်ဘိနက် အတွင်းဝန် ဆာ နော်မန် ဘရွတ်ကို ပရိုဖူမိုအကြောင်း ပြောကာ သတိပေးသည်။ ၁၉၆၁ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ကြောက်စိတ်တွေ ဝင်နေသည့် ပရိုဖူမိုသည် ခရစ္စတင်းထံ စာတစ်စောင် ရေးလိုက်သည်။

*အချစ်လေး ...*
*အရေးတကြီးကိစ္စရှိလို့ ဖုန်းပြန်မပြောနိုင်ဘူး။*
*မနက်ဖြန်ည အစီအစဉ်ကို အကြောင်းတစ်ခုကြောင့် ဖျက်လိုက်တယ်။*
*နောက်တစ်နေ့ ခရီးစဉ်တွေ ရှိနေလို့ စိတ်မကောင်းဘူး။*
*စက်တင်ဘာလလောက်အထိ တွေ့နိုင်ဦးမယ် မထင်ဘူးကွာ။*
*သိပ်ဆိုးတာပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်၊ ထွက်လည်း မပြေးနဲ့ဦး။*
*အချစ်များဖြင့် - ဂျေ*
*ကိုယ် ဘာကြောင့် ဒီစာကို ရေးသလဲ ဆိုတော့ သန်ဘက်ခါ မင်း အားနေမယ် ဆိုတာ သိတယ်။*
*မသွားမီ မင်းဆီကို ဖုန်းဆက်လို့ ရတဲ့နေရာမှာ ရှိမရှိ သိချင်တယ်။*

ထိုစာသည် သူ့ကံကြမ္မာကို တံဆိပ်ခတ်နှိပ်လိုက်ခြင်း ဖြစ်သည်။

သူ့ကို သတိပေးနေသည့်ကြားမှ ပရိုဖူမိုသည် ခရစ္စတင်းနှင့် နောက်ထပ်လေးလခန့် ဆက်ပြီးတွဲနေသည်။ ထိုကာလမှာ စွန့်စွန့်စားစားဖြင့် တွေ့ဆုံကြရသည့် ကာလလည်းဖြစ်သည်။ တစ်ညနေတွင် ကြည်းတပ်အရာရှိတစ်ယောက်သည် ဝဒ်ကို ရှာရန် သူ့အခန်းသို့ ရောက်လာသည်။ ကီးလားက ထိုအကြောင်းနှင့် ပတ်သက်ပြီး ''ကျွန်မက သူ့ကို ကာကွယ်ရေးဝန်ကြီးနဲ့ မိတ်ဆက်ပေးလိုက်တယ်၊ အဲဒီဗိုလ်မှူးက မယုံကြည်နိုင်လောက်အောင် ဖြစ်သွားတယ်၊ ဂျက် (ပရိုဖူမို) ကတော့ သေချင်စော် နံသွားတယ်'' ဟု ပြန်ပြောင်း ပြောပြသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပရိုဖူမိုသည် ဒီဇင်ဘာလတွင် ခရစ္စတင်းကို အဆက်ဖြတ်ရတော့သည်။ သူမက ဝဒ်၏အခန်းမှ ပြောင်းရွှေ့ရန် ငြင်းဆန်နေသောကြောင့် ဖြစ်သည်။ သူတို့ ချစ်ဗိမာန်လေးကို ခိုင်မြဲစေချင်လျှင် သူမအတွက် နေရာအသစ်တစ်နေရာ ဝယ်ပေးရုံသာ ရှိတော့သည်။

*MI 5* သည် အိုင်ဗန်နော့ကို ထောင်ချောက်ဆင်ရန်အကြံကို လက်လျှော့လိုက်သည်။ သူတို့က ဝဒ်အပေါ် မယုံကြည်စိတ်တွေ တိုးပွားလာသည်။ ကီးလားကလည်း သူ့လမ်းသူ ဆက်လျှောက်နေသည်။ ဝဒ်ကို ဆေးခြောက်တွေ ရှာပေးပြီး အလုပ်ဖြစ်နေသည်။ သူမသည် ထိုစဉ်ကာလတွင် အနောက်အိန္ဒိယကျွန်းစုမှ ဂျပ်ဖ်ိ အဆိုတော် လပ်ကီး ဂေါ်ဒန်နှင့် တွေ့သည်။ ဂေါ်ဒန်မှတစ်ဆင့် ဂျွန်နီ အေ့ကွန့်ဘီ ဆိုသူနှင့်ပါ ထပ်မံသိကျွမ်းရပြန်သည်။ ကီးလားသည် သူတို့နှစ်ယောက်စလုံးနှင့် အိပ်သည်။ ၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် ဆိုဟို နိုက်ကလပ်တစ်ခုတွင် ထိုကိစ္စနှင့် ပတ်သက်ပြီး ဂေါ်ဒန်နှင့် အေ့ကွန့်ဘီတို့ စကားများ ရန်ဖြစ်ကြသည်။ ဂေါ်ဒန့်မျက်နှာတွင် ဓားဒဏ်ရာရသွားသည်။ ကီးလားလည်း အေ့ကွန့်ဘီထံ အပြီး ပြောင်းသွားသည်။ သို့သော် ရေရှည်မခံပေ။ ဝဒ် အိမ်ခန်းသို့ ကီးလား ပြန်ရောက်လာပြန်သည်။ တစ်ညတွင် အေ့ကွန့်ဘီ သူမထံ လိုက်လာသည်။ ကီးလားက အခန်းတွင်း အဝင်မခံပေ။ အေ့ကွန့်ဘီသည် သေနတ်ကိုထုတ်ပြီး အိမ်ရှေ့တံခါးကို ပစ်လိုက်သည်။ ကီးလားက ရဲကိုခေါ်ပြီး အေ့ကွန့်ဘီကို လူသတ်ရန် ကြံစည်မှုဖြင့် ဖမ်းဆီးလိုက်သည်။

ထိုအဖြစ်အပျက် ဖြစ်ပြီးချိန်တွင် ဝဒ်သည် ကီးလားကို သူ့တိုက်ခန်းမှ ထွက်သွားရန် နှင်တော့သည်။ ကီးလားလည်း သူမဖောက်သည်တစ်ယောက်ဖြစ်သည့် တရားရုံးရှေ့နေ မိုက်ကယ် အက်ဒိုစ်ကို အကူအညီသွားတောင်းသည်။ ကီးလားက အက်ဒိုစ်ကို သူမနှင့် ဝဒ်တို့သည် ရုရှားများအတွက် စပိုင်လုပ်ပေးနေကြောင်း၊ ဗြိတိန်က အနောက်ဂျာမနီသို့ အနုမြူလက်နက်များ ထောက်ပံ့ရန် အစီအစဉ်ကို ပရိုဖူမိုထံမှတစ်ဆင့် ထောက်လှမ်းပေးရန် ဝဒ်က သူမကို ခိုင်းစေကြောင်း ဖွင့်ချတော့သည်။


စတီဖင် ဝဒ်

ခရစ္စတင်းသည် ဤဇာတ်လမ်းကို ယခင် လေဘာပါတီမှ ဝန်ကြီးနှင့် ပါလီမန်အမတ်ဟောင်းဖြစ်ခဲ့သူ ဂျွန် လူးဝစ်ကိုလည်း သွားပြောပြသည်။ လူးဝစ်သည် ဝဒ်ကို ကြည့်မရသူလည်း ဖြစ်သည်။ ထိုသတင်းများသည် လူးဝစ်မှတစ်ဆင့် လက်ရှိ လေဘာပါတီမှ ဝန်ကြီးဖြစ်နေသူ ဂျော့ ဝစ်ထံ ရောက်သွားသည်။ ဂျော့ ဝစ်သည် လွှတ်တော်


mgyoe.com

mgyoe.com SAMPLE BOOK

တွင် ဆောင့်ကြွားကြွားနိုင်လှသည့် ပရိုဖူမိုကို ကြည့်မရ။ ၁၉၆၃ ခုနှစ် ဇန်နဝါရီလတွင် သတင်းစာဆရာ ပေါလ် မန်း ဆိုသူသည် ခရစ္စတင်း ကီးလားကို *Sunday Pictorial* ဂျာနယ်တိုက်သို့ ခေါ်သွားသည်။ ကီးလားသည် သူမထံ ပရိုဖူမို ရေးလိုက်သည့် စာတိုလေးကို ဂျာနယ်တိုက်တွင် ထုတ်ပြသည်။ သူမဇာတ်လမ်းကို ရေးချင်လျှင် ပေါင် ၁၀၀၀ ပေးရမည်ဟု ဈေးခေါ်လိုက်သည်။

ထိုကာလသည် သတင်းနှင့်စာနယ်ဇင်းသမားများ လွန်စွာ သတိထားနေကြရသည့်ကာလဖြစ်သည်။ ယမန်နှစ်က ဂျွန် ဗက်စ်စော ဆိုသည့်စပိုင်ကို ဖော်ထုတ်မှုတွင် သတင်းသမားတွေ အတော်လေး ပြဿနာပေါ်ခဲ့ရသည်။ ဂျွန် ဗက်စ်စောသည် ရေတပ်မှ စာရေးလေးတစ်ဦးဖြစ်ပြီး ဆိုဗီယက်သို့ လျှို့ဝှက်ချက်များ ရောင်းစားခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး သတင်းသမားတွေကို စုံစမ်းရေးအဖွဲ့များဖွဲ့ကာ အရေးယူရသည်အထိ ဖြစ်ခဲ့ဖူးသည်။ သတင်းထောက်နှစ်ဦးသည် ထိုကိစ္စနှင့် ပတ်သက်ပြီး သတင်းကို မည်သည့်နေရာကရကြောင်း ဖော်ထုတ်ရန် ငြင်းဆန်သဖြင့် ထောင်ကျသွားခဲ့သည်။

*Pictorial* ဂျာနယ်သည် ဝဒ်ထံသို့သွားပြီး ကီးလားအကြောင်း မေးကြရသည်။ ဝဒ်ကလည်း ထိုစာသည် အစစ်အမှန် မဟုတ်၊ လုပ်ကြံထားချက်ဖြစ်ကြောင်း၊ သူတို့ဂျာနယ် စောင်ရေထိုးကျသွားနိုင်ကြောင်း သတိပေးလိုက်သည်။ ဝဒ်၏စကားသည် ကီးလားကို အတော်လေး စိတ်ပျက်သွားစေသည်။ ထို့ကြောင့် ကီးလားသည် ရဲစခန်းသို့ သွားပြီး ဝဒ်သည် သူဌေးများကို မိန်းမချောလေးများနှင့် ပျော်ပါးရန် ရှာပေးသည့် ပြည့်တန်ဆာခေါင်းအလုပ်ကို လုပ်ကိုင်နေကြောင်း ဖော်ထုတ်သည်။ နောက်ရက်အနည်းငယ်အကြာတွင် ပရိုဖူမိုသည် ရုံးတော်သို့ ဆင့်ခေါ်ခံရပြီး ရှေ့နေချုပ် ဆာ ဂျွန် ဟော့ဗ်ဆန်၊ တရားရုံးချုပ်ရှေ့နေ ပီတာ ရောလင်ဆန်နှင့် ပါတီခေါင်းဆောင် မာတင် ရက်မေနီတို့၏ စုံစမ်းမေးမြန်းခြင်းကို ခံခဲ့ရသည်။ ပရိုဖူမိုသည် ကီးလားနှင့် မရိုးမသား၊ မဖွယ်မရာ တစ်ခုမျှ မလုပ်ခဲ့ကြောင်း ငြင်းဆန်ခဲ့သည်။ သို့သော် စုံစမ်းစစ်ဆေးရေးအဖွဲ့က ပရိုဖူမို ပြောသည့်စကားများကို လက်မခံခဲ့ကြပေ။

ဝန်ကြီးချုပ် ဟာရိုး မက္ကမိလန်သည် အဖြစ်အပျက်နှင့် ပတ်သက်ပြီး အကျဉ်းမျှသာ သိလိုက်ရသည်။ ပရိုဖူမိုသည် ယောကျာ်းတစ်ယောက် ဖြစ်သည် ဆိုစေ ကီးလားနှင့် ပတ်သက်ခဲ့သည် ဆိုလျှင် သူ့လောက်ရူးသူ မရှိဟု မှတ်ချက်ချသည်။ သူသည် မိန်းမ ချောချောငယ်ငယ်လေးများနှင့် အိပ်နိုင်ပါသည်။ သို့သော် သူအိပ်သည့် မိန်းမသည် ပြည့်တန်ဆာ ဖြစ်နေသည် ဆိုသည့်အချက်က အတော်လေး

mgyoe.com

mgyoe.com
SAMPLE BOOK

သိက္ခာမဲ့ရာရောက်နေပြီး အပြစ်ရှိနေသည်ကတော့ အမှန်ဖြစ်သည်။ လူတိုင်းက လည်း ဤဘဝ ဤမှုဖြင့်သာ ပြဿနာကို ပြီးဆုံးသွားစေချင်သည်။ တိုင်းပြည် ခေါင်းဆောင် တစ်ယောက်၏ ဟိုးလေးတကျော် ဇာတ်လမ်း ဖြစ်နေသဖြင့် ရှက် ရှက်နှင့် နိဂုံးချုပ်စေချင်ကြသည်။ သို့သော် ၁၉၆၃ ခုနှစ် မတ်လ ၈ ရက်နေ့ထုတ် စောင်ရေနည်းသည့် သတင်းစာတစ်စောင် ဖြစ်သော *Westminster Confidential* မှ *Pictorial* ဂျာနယ်၏ မရေးဖြစ်လိုက်သည့် သတင်းကို ဖော်ထုတ် ဖွင့် ချလိုက်တော့သည်။ ထိုသတင်းစာက ဗြိတိန်ကာကွယ်ရေးဝန်ကြီးနှင့် ဆိုဗီယက် စစ်သံမှူးဗိုလ်မှူး အိုင်ဗန်နော့တို့၏ မိန်းမပျက်တစ်ယောက်နှင့် နှစ်ယောက်အပြိုင် ဇာတ်လမ်းကို ခမ်းနားစွာ ရေးသားဖော်ပြလာကြသည်။

မတ်လ ၁၀ ရက်နေ့တွင် ဂျော့ ဝစ်သည် လေဘာပါတီ ခေါင်းဆောင် ဟာရိုး ဝီလ်ဆန်ထံမှ ပရိုဖူမိုနှင့် ခရစ္စတင်း ကီးလားတို့ဇာတ်လမ်းနှင့် ပတ်သက်ပြီး ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား စသည့် ဝေဖန်သံများ ထွက်လာ ပြီးနောက် အရေးမယူ၍ မရသည့် အနေအထားသို့ ရောက်လာခဲ့သည်။

မတ်လ ၁၄ ရက်နေ့တွင် ဂျွန်နီ အဲ့ကွန်ဘီသည် အိုးဘေလီရှိ တရားခွင် သို့ ရောက်လာသည်။ အဓိက သက်သေ ခရစ္စတင်း ကီးလား တစ်ယောက်ကတော့ အားလပ်ရက် ခရီး ထွက်နေသည်ဟု ဆိုသည်။ ကောလာဟလများအရ ကီးလား တစ်ယောက် အထုပ်ဖြေပြရမည်ကို စိုးရိမ်သဖြင့် တိုင်းပြည်မှ ထွက်သွားသယောင် ပြောနေကြသည်။

နောက်တစ်နေ့တွင် *Daily Express* သတင်းစာကြီးမှ ခေါင်းကြီး ပိုင်းတွင် စာလုံးမည်းကြီးဖြင့် 'ကာကွယ်ရေးဝန်ကြီး သွေးပျက်နေပြီ' ဟူ၍ ပါ လာသည်။ ဂျွန် ပရိုဖူမိုတစ်ယောက် ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် နုတ်ထွက် လွှာ တင်သွားကြောင်း သတင်းတွင် ဖော်ပြကြသော်လည်း ထိုစာမျက်နှာအောက် တွင် နောက်သတင်းတစ်ပုဒ်က ခရစ္စတင်း ကီးလား၏ ဓာတ်ပုံကို ဖော်ပြထားပြီး ခေါင်းစည်းတွင် 'ပျောက်နေသူ' ဟူ၍ ဖော်ပြထားသည်။

*Daily Express* သတင်းစာကြီးက ဖြေရှင်းချက်ထုတ်ရာတွင် ထို သတင်း နှစ်ပုဒ် တစ်မျက်နှာတည်းတွင် ပါလာရခြင်းသည် တိုက်ဆိုင်မှု သက်သက်သာ ဖြစ်ကြောင်း ဆိုသည်။ သို့သော် လူတိုင်းလိုလိုကတော့ တစ်နှင့် တစ်ပေါင်းခြင်း၏ အဖြေကို သိနေကြသည်။

မတ်လ ၁၉ ရက်နေ့တွင် ဗက်စ်စောအမှုတွင် အပြင်းအထန် ငြင်းဆန် ခဲ့သည့် ဂျော့ ဝစ်တစ်ယောက် ပါလီမန်အဖွဲ့ဝင်များကို အကာအကွယ်ပေးသည့်


mgyoe.com

mgyoe.com
SAMPLE BOOK

အနေဖြင့် ယခုကိစ္စတွင်လည်း ကာကွယ်ရေးဝန်ကြီး၏ အကြောင်းသည် ကောလာဟလလိုလို ဖြစ်စေရန် သတင်းတွေ ထုတ်ပြန်ခဲ့သည်။ သူ့ကို ဘာဘရာ ကက်ဆဲလ်နှင့် လေဘာပါတီ အတိုက်အခံအမတ် ဒစ် ခရော့စ်မန်းတို့က ထောက်ခံကြသည်။ အစိုးရအဖွဲ့လည်း ဝန်ကြီးတစ်ယောက် တဏှာနောက် လိုက်ခဲ့ရသည့်ကိစ္စအတွက် ပျာယာခတ်ကုန်သည်။ ပြည်ထဲရေးဝန်ကြီး ဟင်နရီ ဘရွတ်သည် လေဘာပါတီ၏ အကျပ်အတည်းနှင့် ပတ်သက်ပြီး ပါတီမှ တာဝန်ယူကာ စွပ်စွဲချက်များကို မဟုတ်မှန်လျှင် မဟုတ်မှန်ကြောင်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းရန် ပြောသည်။ အခွင့်ထူးခံလွှတ်တန်းစားတစ်ရပ် အနေဖြင့် အပြစ်ရှိသည်ကို အပြစ်ရှိသည့်အတိုင်း အရေးယူရန်သာ ဖြစ်ပြီး မည်သို့မျှ အကာအကွယ်ပေးနေရန် မလိုကြောင်း ပါလီမန်တွင် အမျိုးမျိုး ဝေဖန်ဆွေးနွေးလာကြသည်။

ပရိုဖူမိုဘက်တွင် လေဘာပါတီမှ ပါလီမန်အမတ် ရီဂျီနယ် ပါးဂက်တစ်ဦးသာ ရှိတော့သည်။ သူက "ဒါ ပုံကြီးချဲ့တဲ့ ကောလာဟလပါ၊ ဝန်ကြီးက အလွန်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ သိက္ခာမဲ့မိတာနဲ့ ဒီလောက် ပုံကြီးချဲ့စရာ မလိုပါဘူး၊ ကျွန်တော့်အထင် ပြောရရင် ဟိုပြောသည်ပြော လျှောက်ပြောနေတာထက် တိတိကျကျ စုံစမ်းစစ်ဆေးမှုတစ်ခု လုပ်သင့်တယ်လို့ ထင်ပါတယ်" ဟု ကာကွယ်ပြောဆိုပေးခဲ့သည်။

ပရိုဖူမိုကို ပါတီခေါင်းဆောင်ပိုင်းက ဖိအားပေးကာ စစ်ဆေးနေကြသည်။ ပါလီမန်ခေါင်းဆောင် အီရင် မက္ကလော့နှင့် ဘီလ် ဒီးဒက်တို့ ခေါင်းချင်းရိုက်ကာ ဆွေးနွေးကြသည်။ ပရိုဖူမိုကတော့ သူ့တွင် အပြစ်မရှိကြောင်း၊ သူ အပြစ်ကင်းစင်ကြောင်း တွင်တွင်ငြင်းနေတော့သည်။ ထို့နောက် သူက ပါလီမန်တွင် ထွက်ဆိုချက်ပေးသည်။ သူ့အနေဖြင့် ခရစ္စတင်း ကီးလားနှင့် သိက္ခာမဲ့ဖူးကြောင်း ဝန်ခံသော်လည်း ၁၉၆၁ ခုနှစ် နောက်ပိုင်းတွင် သူမနှင့် တစ်ကြိမ်မျှ မတွေ့ခဲ့တော့ကြောင်း ထွက်ဆိုသွားသည်။ သူက စတီဖင် ဝဒ်နှင့် အိုင်ဗန်နော့တို့ကိုလည်း သိက္ခာမဲ့ဖူးကြောင်း ဝန်ခံသွားသည်။ တရားခွင်သို့ ခရစ္စတင်း ကီးလား ရောက်မလာခြင်းနှင့် ပတ်သက်ပြီး သူ့တွင် တာဝန်မရှိကြောင်းကိုလည်း ငြင်းဆိုသွားသည်။ "ကျွန်တော်နဲ့ မစ္စခရစ္စတင်း ကီးလားတို့ သိက္ခာမဲ့မှုမှာ မရိုးမသား တစ်ခုမှ မပါဘူး" ဟူ၍ ပြောင်ပြောင်တင်းတင်း ငြင်းဆိုသွားခဲ့သည်။ သူ့အကြောင်းကို ပါလီမန် အပြင်ဘက်တွင် မဟုတ်မမှန် စွပ်စွဲပြောဆိုနေကြသည့်သူများကိုပါ သူက ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟု ခြိမ်းခြောက်လိုက်သေးသည်။

နောက်ရက်အနည်းငယ် အကြာတွင် ခရစ္စတင်း ကီးလားတစ်ယောက်


mgyoe.com

mgyoe.com SAMPLE BOOK
မက်ဒရစ်တွင် ရောက်နေကြောင်း သတင်းစာတွေက ခြေရာကောက်မိကြသည်။ သူမက ပရိုဖူမို ပါလီမန်တွင် ပြောသွားတာ ဟုတ်ပါသည်ဟု ထပ်ဆင့်ဝန်ခံသည်။ သို့သော် ဂျော့ ဝစ်တစ်ယောက် ဤတစ်ကြိမ်တွင်တော့ ဤမျှလောက် အပြော လေးကို ခွင့်မလွှတ်နိုင်တော့ပေ။ ဂျော့ ဝစ်သည် *Panorama TV* အစီအစဉ်သို့ သွားပြီး ဝဒ်နှင့် အိုင်ဗန်နော့တို့ကို လုံခြုံရေးအရ အန္တရာယ်ရှိနိုင်ကြောင်း ပြောလိုက် သည်။ နောက်တစ်နေ့တွင် ဝဒ်သည် ဂျော့ ဝစ်ကို လာတွေ့ရတော့သည်။ အဖြစ် အပျက်တွေက အမှန်တွေ မဟုတ်ကြောင်း၊ သူ့ကို ယုံကြည်စေလိုကြောင်း လာပြော ခြင်း ဖြစ်သည်။ သို့သော် မအောင်မြင်ခဲ့ပေ။ ဂျော့ ဝစ်စိတ်ထဲတွင် ပရိုဖူမိုတစ်ယောက် လိမ်လည် ထွက်ဆိုနေသည်ဟုသာ ယုံကြည်နေခဲ့သည်။ သူက ဝဒ်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည့် အကြောင်းအရာများကို ဟာရိုး ဝီလ်ဆင်ထံ စာရေးပြီး အစီရင်ခံစာ အနေဖြင့် တင်သည်။

ဗက်စ်စောပြဿနာသည် ဗြိတိသျှသတင်းစာများဘက်မှ အလျှော့ပေး လိုက်သဖြင့် နိုင်ငံခြားသတင်းဌာနများသို့ ရောက်သွားခြင်း မရှိခဲ့ပေ။ ပရိုဖူမို အရှုပ်တော်ပုံကိုတော့ *Paris Match* နှင့် *Il Tempo Illustrato* သတင်းစာကြီး များကပါ ပုံကြီးချဲ့ ရေးသားလာကြသည်။ ထိုသတင်းစာ နှစ်စောင်လုံးက ပရိုဖူမို အား အစားကျူးသည့် ကာမဘီလူးအသွင် ရေးသားခဲ့ကြသည်။

အခြေအနေကို ပြန်လည် အဖတ်ဆယ်ရန်အတွက် ပြည်ထဲရေးဝန်ကြီး ဌာန အတွင်းဝန်က မက်ထရိုပိုလီတန် ရဲဌာနသို့ ဝဒ်၏အိမ်ကို ရှာရန် အမိန့်ထုတ် သည်။ ဤလုပ်ရပ်သည် ပုံမှန်လုပ်လေ့လုပ်ထ ရှိသည့် လုပ်ရပ်မျိုးတော့ မဟုတ်ပေ။ ရဲများသည် ရာဇဝတ်မှု ကျူးလွန်သည့်သူများ သို့မဟုတ် ကျူးလွန်သည်ဟု ထင်ရ သူများ နေအိမ်သို့သာ ရှာဖွေရမည် ဖြစ်သော်လည်း မည်သည့်ရာဇဝတ်မှုမျှ ကျူး လွန်ထားခြင်း မရှိသည့် ဝဒ်၏နေအိမ်ကို အဘယ်အကြောင်းပြပြီး ရှာဖွေရမှန်း မသိ ဖြစ်နေကြသည်။

နောက်ပိုင်းတွင် ဝဒ်တစ်ယောက် ကောင်းကောင်းကြီး ဒုက္ခရောက်တော့ မည်ကို သူ့မိတ်ဆွေများနှင့် ဖောက်သည်များက သိမြင်လာကြသည်။ သို့ဖြစ်ရာ ဝဒ်ကို စွန့်ခွာကုန်ကြသည်။ မန်ဒီ ရိုက်စ်ဒေဗီစ်ကိုတော့ သူတို့ အကွက်ဆင်ပြီး ဖမ်းထားလိုက်သည်။ ဝဒ်ကို ဆန့်ကျင်ပြီး ထွက်ပေးသည်အထိ ထောင်ထဲတွင် ထည့်ထားကြသည်။

ကြံရာမရ ဖြစ်နေသည့် ဝဒ်တစ်ယောက် လူတိုင်းထံသို့ စာတွေ ရေးပို့ သည်။ သူ့တွင် အပြစ်မရှိကြောင်း ခုခံကာကွယ် ပြောနေခြင်း ဖြစ်သည်။ ဟာရိုး


mgyoe.com

mgyoe.com
SAMPLE BOOK


ပြဿနာများ ရင်ဆိုင်နေရသော ပရိုဖူမို

ဝီလ်ဆန်ကလည်း သူ့ထံမှစာကို လက်ခံရရှိသည်။ ထိုစာကို ဝန်ကြီးချုပ်ထံသို့ တင်ပြလိုက်သည်။ ဝန်ကြီးချုပ်က လော့ဒ် ဒေလ်ဟွန်း၏ ကြီးကြပ်မှုအောက်တွင် ကော်မတီတစ်ရပ်ဖွဲ့ပြီး စစ်ဆေးရန် သဘောတူလိုက်သည်။ ပရိုဖူမိုသည် ထိုအချိန်က အားလပ်ရက် ခရီးထွက်နေချိန်ဖြစ်သည်။ သူ ပြန်ရောက်လာချိန်တွင် သူကစားနေသည့်ပွဲ နိဂုံးချုပ်တော့မည်ကို သိမြင်လိုက်သည်။ သူသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ရင်မဆိုင်ဘဲ ဆက်ပြီး လိမ်လည်ထွက်ဆိုနေခဲ့သည်။ သူက ပါလီမန် ဥက္ကဋ္ဌနှင့် ပါလီမန်အတွင်းဝန်တို့ကိုသာ တွေ့ဆုံမည်ဟု ဆိုသည်။ သူတို့နှင့် တွေ့ဆုံချိန်တွင် သူ လိမ်လည်မိခဲ့ကြောင်း၊ ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဝန်ခံပြောဆိုသွားသည်။

ပရိုဖူမို၏ နုတ်ထွက်စာနှင့် ပါလီမန်မှ ပြန်ကြားစာကို နောက်တစ်နေ့ သတင်းစာများတွင် သတင်းထူးအဖြစ် ဖော်ပြကြသည်။ ပရိုဖူမိုက ‘‘ကျွန်တော် ပါတီဝင်အပေါင်းနှင့် ပါလီမန်ကိုပါ လှည့်စားမိခဲ့ပါတယ်၊ ကျွန်တော့်ဇနီးနဲ့ မိသားစုကို အကာအကွယ်ပေးချင်လို့ လိမ်လည်ထွက်ဆိုခဲ့ခြင်း ဖြစ်ပါတယ်’’ဟူ၍ သူ့စာတွင် ရေးသားထားသည်။ ပါလီမန်ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်က တိုတိုရှင်းရှင်းဖြစ်သည်။ ‘‘အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်ပြီး ဖြစ်သည်ဟု ယူဆသည်၊ ကျွန်ုပ်လည်း ရွေးချယ်စရာ အခြားနည်းလမ်း မရှိ၊ သင့်နုတ်ထွက်လွှာကို ဘုရင်မကြီးထံ တင်ပြပေးပါမည်’’ ဟူ၍ ရေးသားထားသည်။

ထိုနေ့မှ စတင်ပြီး သတင်းစာတိုင်းလိုလိုတွင် ခရစ္စတင်း ကီးလားသတင်းက နေရာယူထားသည်။ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် နောက်ထပ်ဇာတ်လမ်းတစ်ပုဒ် ထပ်တိုးလာသည်။ ခရစ္စတင်း ကီးလား၏ နောက်ထပ်တွဲနေသည့် အဖော်ဖြစ်သူ လပ်ကီး ဂေါဒန်သည် သူမတိုက်ခန်း အပြင်ဘက်တွင် သေနတ်နှင့်ပစ်ခဲ့သည့်အမှုအတွက် ရုံးထုတ်စစ်ဆေးခြင်း ခံရသည်။ ခရစ္စတင်း ကီးလားတစ်ယောက် တရားရုံးသို့ သက်သေခံရန် ရိုးရိုက်စ်ကားကြီးစီးပြီး ရောက်လာသည်။

တရားရုံးရှိ ဝက်ခြံအတွင်းမှ ဂေါဒန်သည် ခရစ္စတင်းကို သူ့အား ကာလသားရောဂါ ရအောင် လုပ်ခဲ့သူဟု စွပ်စွဲသည်။ တရားခွင်တွင် ထိုင်နေသည့်


mgyoe.com

mgyoe.com SAMPLE BOOK

ခရစ္စတင်းသည် ထိုစွပ်စွဲချက်ကို ကက်ကက်လန် ငြင်းပြီး ရန်တွေ့ကာ ပြောကြားခဲ့သည်။ သတင်းစာတွေကလည်း ထိုအကြောင်းကို အားရပါးရ ရေးသားကြသည်။ အတန်တန် တောင်းပန်သည့်ကြားမှ ဂေါ်ဒန် ထောင်သုံးနှစ်ကျသွားသည်။

ဝဒ်သည် ဇွန်လ ၉ ရက်နေ့တွင် ရုပ်မြင်သံကြားမှန်သားပြင်တွင် ပေါ်လာသည်။ ခရစ္စတင်း ကီးလားကို ဂျွန် ပရိုဖူမိုနှင့် တွေ့ဆုံရန် အောင်သွယ်ပေးခဲ့ကြောင်းကို သူက ငြင်းဆိုသွားသည်။ အဘယ်ကြောင့်ဆိုသော် သူ့တွင် ဆိုဗီယက်သံရုံးမှ မိတ်ဆွေတစ်ဦး ရှိနေသောကြောင့်ဟု ဆိုသည်။ နောက်တစ်နေ့တွင် ဝဒ်တစ်ယောက် မကောင်းမှု ဒုစရိုက်လုပ်ငန်းမှ ဝင်ငွေဖြင့် အသက်မွေးမှုကြောင့် အဖမ်းခံလိုက်ရသည်။

ထိုအချိန်တွင် ခရစ္စတင်း ကီးလား အရှုပ်တော်ပုံသည် ကမ္ဘာ့သတင်းစာမျက်နှာတိုင်း၏ ရှေ့မျက်နှာဖုံး သတင်းအဖြစ် နေရာယူထားသည်။ မန်ဒီရိုက်စ်ဒေဗီစ်က *Washington Star* သတင်းစာကြီးသို့ လန်ဒန် လူ့အဖွဲ့အစည်းကြီး၏ ရမ်းကားမှုတွေကို ဖွင့်ချသည်။ ဒေဗီစ်က ညစာစားပွဲတစ်ခုတွင် မျက်နှာဖုံး တပ်ထားသည့် ဝတ်လစ်စားလစ် ယောကျာ်းတွေအကြောင်းကို ဥပမာပေးသွားသည်။ ထိုမျက်နှာဖုံး တပ်ထားသူတွေ ဘယ်သူတွေလဲ ဆိုသည့် မေးခွန်းတွေက သို့လော သို့လော ဖြစ်ကုန်ကြသည်။ ထိုမျက်နှာဖုံးရှင်များသည် တရားသူကြီးချုပ်လည်း ဖြစ်နိုင်သည်၊ ကက်ဘိနက် အဖွဲ့ဝင် ဝန်ကြီးတွေလည်း ဖြစ်နိုင်သည်၊ နိုင်ငံရေးပါတီအသီးသီးမှ ပါတီခေါင်းဆောင်တွေလည်း ဖြစ်နိုင်သည်၊ တော်ဝင်မိသားစုဝင်တစ်ဦးဦးလည်း ဖြစ်နိုင်သည်။

နောက်တစ်နေ့ သတင်းစာတွင် ခေါင်းစီးအမည်းကြီးဖြင့် "မင်းသားဖီးလစ်နှင့် ပရိုဖူမို အရှုပ်တော်ပုံ" ဆိုသည့်သတင်း ပါလာသည်။ *The Daily Mirror* သတင်းစာမှ ထိုအပုပ်နံ့ ထွက်နေသည့် ကီးလား အရှုပ်တော်ပုံတွင် မင်းသား ဖီးလစ် ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲရေးသားလိုက်ခြင်း ဖြစ်သည်။ ကြာသပတေးကလပ် ဆိုသည့် လူကြီးလူကောင်းများ သီးသန့်ဖွဲ့ထားသည့် ကလပ်တွင် ဝဒ်သည် အသင်းဝင် ဖြစ်နေသည်။ ထိုကလပ်သည် ဘုရင့်ဆွေတော်မျိုးတော်များအတွက် သီးသန့်ဖွဲ့ထားသော်လည်း ဝဒ်သည် အဘယ်ကြောင့် ပါဝင်ပတ်သက်နေရသနည်းဟု မေးခွန်းထုတ်စရာတွေ ဖြစ်လာသည်။

စွပ်စွဲချက်များက လေလိုမြန်ပြီး ပျံ့ထွက်လာသည်။ သူကောင်းမျိုးနွယ်များ၊ ဆွေတော်မျိုးတော်များ၊ အမတ်များ၊ နိုင်ငံရေးသမားများ အားလုံးမှာ ပစ်မှတ်



mgyoe.com

mgyoe.com SAMPLE BOOK

သဖွယ် ဖြစ်လာသည်။ စွပ်စွဲချက်များ ရပ်တန်းက ရပ်ကြရန် ဘုန်းတော်ကြီး မာဗန်စတော့ ဝုဒ်က ဝင်ပြီး တောင်းပန်ရသည်အထိ ဖြစ်သွားသည်။

နိုင်ငံရေးအရ မေးခွန်းတွေ ထုတ်စရာ ဖြစ်လာသည်။ ပရိုဖူမိုသည် တာဝန်ရှိသူတစ်ဦး အနေဖြင့် အဘယ်ကြောင့် လိမ်လည်ထွက်ဆိုထားခဲ့ရသနည်း။ အဘယ်ကြောင့် ပါတီဥက္ကဋ္ဌကလည်း ပရိုဖူမိုကို သက်သက်ညှာညှာ လုပ်ခဲ့ရသနည်း။ ပါတီဝင်တွေက ပရိုဖူမိုကို လုပ်ပိုင်ခွင့်များ ရုပ်သိမ်းကာ ပါတီမှ အပြီးထွက်ခိုင်းလိုက်သည်။ လော့ဒ် ဟေးရှိန်းသည် ဝန်ကြီးအဖြစ် စာရင်းတင်ပြီးမှ နုတ်ထွက်သွားသည်။ ရုပ်မြင်သံကြားမှတစ်ဆင့် ပရိုဖူမို၏ လိမ်လည်ထွက်ဆိုမှုကို ပြစ်တင်ဝေဖန်သွားသည်။ ရိုဂျိနယ် ပါးဂက်တစ်ယောက်သာ ပရိုဖူမိုကို အကာအကွယ်ပေးနေသေးသည်။ သူက "လော့ဒ် ဟေးရှိန်းလို စိတ်နောက်ကိုယ်ပါ မထွက်သွားကြပါနဲ့၊ ကာမဆန္ဒ ဆိုတာ လူတိုင်းနဲ့ ကင်းနိုင်ကြလို့လား" ဟု ပါးဂတ်တစ်ယောက်သာ ပရိုဖူမိုဘက်မှ ရှေ့နေလိုက်ပေးသည်။



မန်ဒီ ရိုက်စ်ဒေဗီစ်နှင့်
ခရစ္စတင်း ကီးလား

မန်ဒီ ရိုက်စ်ဒေဗီစ်ကလည်း *Sunday Mirror* သတင်းစာသို့ ဆိုဗီယက်စစ်သံမှူးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဝဒ်၏တိုက်ခန်းသို့ ခရစ္စတင်း ကီးလားနှင့် တွေ့ရန် လာချိန်တွင် တစ်ဦးနှင့်တစ်ဦး မတိုက်ဆိုင်ကြသည်ကမှ ထူးဆန်းကြောင်း ပြောသွားချက်ကလည်း စိတ်ဝင်စားစရာ ဖြစ်သည်။

မိုက်ကယ် အက်ဒိုးစ်က သူ့အနေဖြင့် ဝန်ကြီးချုပ်ကို လုံခြုံရေးကိစ္စများတွင် ပြဿနာရှိနိုင်ကြောင်း မတ်လ ၂၉ ရက်နေ့လောက်ကတည်းက သတိပေးခဲ့သည်ဟု ထွက်ဆိုသွားသည်။ ထိုအချိန်တွင် ခရစ္စတင်း ကီးလားသည် *News of the World* သို့ သူတို့အကြောင်းတွေကို ဝန်ခံချက် အနေဖြင့် အတွဲလိုက် ထုတ်ကာ ရောင်းစားနေပြီ ဖြစ်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

*The Time* သတင်းစာကြီးမှ ကွန်ဆာဗေးတစ်အစိုးရကို ကိုယ်ကျင့်တရား ခေါင်းပါးသူကို ခေါင်းဆောင်တင်ထားမှုနှင့် ပတ်သက်ပြီး ပျစ်ပျစ်နှစ်နှစ် ဝေဖန်တိုက်ခိုက်သည်။ ထိုဝေဖန်ချက်ကို လော့ဒ် ဟေးရှိန်းက စိတ်ကောက်ပြီး "*The Time* သတင်းစာက ကွန်ဆာဗေးတစ်တွေကို ဆန့်ကျင်တဲ့ သတင်းစာပဲ၊ သူတို့ ခန့်ထားတဲ့ အယ်ဒီတာကလည်း ကွန်ဆာဗေးတစ်တွေကို ဆန့်ကျင်နေသူပဲလေ" ဟု တိုက်ခိုက်ဝေဖန်သွားသည်။

လေဘာပါတီသည် ထိုးနှက်တိုက်ခိုက်မှုများကို အလူးအလဲ ခံနေရသည်။ လွှတ်တော်တွင် ဇူလိုင် ၁၉ ရက်နေ့၌ စကားအချေအတင် ဆွေးနွေးကြရာ၌ ဟာရိုး ဝီလ်ဆန်က ပရိုဖူမိုအရှုပ်တော်ပုံသည် နိုင်ငံနှင့်လူမျိုး၏ ကိုယ်ကျင့်နှင့် သိက္ခာကို တုန်လှုပ်သွားစေသည့်ကိစ္စ ဖြစ်သည်ဟု ပြောကြားသွားခဲ့သည်။ ဝန်ကြီးချုပ်သို့ လက်ညှိုးငေါက်ငေါက်ထိုးကာ နိုင်ငံတော်၏ လုံခြုံရေးကို နိုင်ငံရေးဖြင့် ကလေး ကစားသလို ကလေးကလား လုပ်သည်ဟု စွပ်စွဲပြောကြားသွားခဲ့သည်။

ပါတီဥက္ကဋ္ဌ မက္ကမီလန် နောက်ကွယ်တွင် ထောက်ခံပေးမည့်သူ မည်သူမျှ မရှိတော့။ ကွန်ဆာဗေးတစ်အမတ် နစ်ဂဲလ် ဘတ်ချ်ကလည်း အမှုအကြောင်းအရာကို အသေးစိတ် အစီရင်ခံသွားသည်။ သူက -

"ကျွန်တော်တို့ အနေနဲ့ ပရိုဖူမိုကို တောပျော်ရသေ့ကြီးလို တောရဆောက်တည်ပြီး ကျင့်ကြံအားထုတ်နေရမယ်လို့ ပြောတာ မဟုတ်ပါဘူး၊ မစ္စကီးလား ဆိုတာ ပြည့်တန်ဆာတစ်ယောက်ပါ၊ ပြည့်တန်ဆာနဲ့ ဝန်ကြီးဟာ တကယ့်ကို ဖြူစင်တဲ့ မောင်ချစ်နှမချစ်နဲ့ ချစ်တယ် ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ကျွန်တော်တို့ ထည့်တွက်ထားရမှာက ကီးလား ဆိုတာ ပြည့်တန်ဆာတစ်ယောက် ဆိုတာပါ" ဟု လွှတ်တော်တွင် ပြောကြားသွားခဲ့သည်။

မက္ကမီလန်သည် အတော်လေး နာနာကျည်းကျည်းနှင့် ဝေဖန်ပြောဆိုသမျှကို ခံစားနေရရှာသည်။ နောက်လေးရက်အကြာတွင် လော့ဒ် ဒန်းနင်း၏ ကြီးကြပ်မှုဖြင့် စုံစမ်းရေးအဖွဲ့ ဖွဲ့ပေးမည်ဟု ကြေညာလိုက်သည်။ သို့သော် မက္ကမီလန်သည် ထိုနှစ် ဆောင်းဦးတွင် ရာထူးမှ နုတ်ထွက်သွားသည်။ ပါတီညီလာခံ မကျင်းပမီ အချိန်တွင် ကပ်ပြီး ထွက်သွားခြင်း ဖြစ်သည်။ သူ့နေရာတွင် ဆာ အဲလက် ဒေါက်ဂလပ်ဟုမ်းကို အစားထိုးလိုက်ကြသည်။ သို့သော် ကွန်ဆာဗေးတစ်အစိုးရအနေဖြင့် အမည်းစက်ကြီး စွန်းထင်းကာ နောက်နှစ်တွင် လွှတ်တော်မှ ထွက်သွားခဲ့ရသည်။

လော့ဒ် ဒန်းနင်းသည် နိုင်ငံတော်လုံခြုံရေးကိစ္စကို အလေးပေး စစ်ဆေး



mgyoe.com